ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့။ Friday, 3 May 2024 ၁၁၄၄၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်း အလေ့အထ**
ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၄ ခုနှစ် အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ ၂၇၈ ဦး၊ အင်္ဂလိပ်စာ ဘာသာရပ် လာရောက်ဖြေဆိုသူ ၂၇၇ ဦးနှင့် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ ၂၇၇ ဦးရှိ**
စာမျက်နှာ » ၈

**နွေရာသီ အပူဒဏ်ကာကွယ်နိုင်ဖို့ ဒေသမျိုးရင်းသစ်မျိုးများ စိုက်ပျိုးကြပါစို့**
ဆောင်းပါး စာမျက်နှာ » ၁၀



## တောင်တွင်းကြီးမြို့နယ်၌ အပူဒဏ်ကာကွယ်နိုင်ရန် အပူရှောင်စခန်း ဖွင့်လှစ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**တောင်တွင်းကြီး မေ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ယခုရက်ပိုင်းအတွင်း မြင့်တက်လာသည့် အပူရှိန်ကြောင့် အပူဒဏ်ကာကွယ်နိုင်ရန် အပူရှောင်စခန်းများ အမြန်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အပူရှောင်စခန်းဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးများ၊ ရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များ ပူးပေါင်း၍ ရေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင် စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်စောင်းတန်းများတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ စောင်းတန်းအမိုးပေါ်တွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆



## မောက်မယ်မြို့၌ ဆောင်းကြက်သွန်ဖြူများ စတင်နုတ်သိမ်းချိန် တစ်ပိဿာ ငွေကျပ် ၇၀၀၀ ရောင်းချနေရ

**မောက်မယ် မေ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် မြို့မကျေးရွာအုပ်စုရှိ လယ်စိုက်ခင်းတွင် စိုက်ပျိုးထားသောမိုးစပါးများ ရိတ်သိမ်းအပြီး ဒီဇင်ဘာလကုန်ပိုင်းမှစ၍ ကြက်သွန်ဖြူများ တစ်နိုင်တစ်ပိုင်စတင်စိုက်ပျိုးကြရာ ဧပြီလကုန်ပိုင်းတွင် စတင်နုတ်သိမ်းနေပြီဖြစ်၍ တစ်ပိဿာ ငွေကျပ် ၇၀၀၀ ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့မကျေးရွာအုပ်စုသည် လယ်လုပ်ငန်းပြီးချိန်တွင် မီးဖိုချောင်သုံး သီးပင်စားပင်များ၊ ဆောင်းသီးနှံများကို ထပ်မံစိုက်ပျိုးကြသည်။ ကြက်သွန်ဖြူကို အဓိကစိုက်ပျိုးကြပြီး ကြက်သွန်နီ၊ နံနံပင်၊ ပဲအမျိုးမျိုးကိုလည်း စိုက်ပျိုးကြသည်။

ကြက်သွန်ဖြူကို စတင်စိုက်ပျိုးသည့်ရက်မှစ၍ ရက် ၁၀၀ ပြည့်လျှင် နုတ်သိမ်းကြပြီး တောင်ကြီးသို့ သွားရောက်ရောင်းချကြကာ ဈေးကောင်းလျှင် ကောင်းသလို ငွေကျပ် ၂၅ သိန်းမှ သိန်း ၃၀ အထိ ရကြပြီး မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေအပိုရရှိကြကြောင်း တောင်သူများထံမှ သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# ကလောမြို့နယ်၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ကလော မေ ၂

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၁၀ နာရီက ရွှေကံသာ ဆုတောင်းပြည့်စေတီတော် ပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ စုပေါင်းဆောင်ရွက်ရာတွင် ကလောမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးသန်းဇော် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၂၀ နှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၃၀ တို့က ရွှေကံသာ ဆုတောင်းပြည့်စေတီတော် ပရိဝုဏ်အတွင်း စေတီတော်နှင့်ဘုရားရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ဘုရားပန်းများလဲလှယ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ပေါင်းမြက်ပင်များ ရှင်းလင်းခြင်းတို့ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# “ Painted Jezebel ” လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်ထုတ်ဝေမည်

နေပြည်တော် မေ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းက **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိ**ရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထား မှတ်ချက်ပြုထားသည့် **“ Painted Jezebel ”** လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ၂၀၂၄ ခုနှစ် မေ ၅ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက် (တနင်္ဂနွေနေ့) **နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၄ ခုနှစ် မေ ၅ ရက် (တနင်္ဂနွေနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂-၅-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၈၀၀ | ၈၂ | ၇၀၆,၂၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၃,၇၆၇ | ၁၀,၇၃၅,၉၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၃၅ | ၅၂,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁၄၀ | ၂၃၇,၃၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၁၆၄ | ၇၄၈,၁၀၀ |
| MAEX | ၂,၀၅၀ | ၂,၁၀၀ | ၄၉၇ | ၁,၀၂၀,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

# တိုင်းပြည်တည်ငြိမ်အေးချမ်းမှ လူမှုစီးပွားဘဝတိုးတက်

တည်ငြိမ်အေးချမ်းသောနိုင်ငံများတွင် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှ ကုန်သွယ်စီးပွားလုပ်ငန်းများကို ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြည်သူများ၏ လူမှုဘဝမြင့်မားတိုးတက်လာမည်။ ထို့ကြောင့် တိုင်းပြည်မြို့ရွာ တည်ငြိမ်အေးချမ်းရေးကို အရေးအကြီးဆုံးလုပ်ငန်းစဉ်အဖြစ်ရှုမြင်ပြီး အားလုံးပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် အဖျက်သမားသောင်းကျန်းသူများက နယ်စပ်မြို့ရွာ၊ အစွန်အဖျားဒေသအချို့တွင် ဝင်ရောက်တိုက်ခိုက် စိမ့်ဝင်နေထိုင်ခြင်း၊ မြို့ရွာများတွင် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းတို့ကို မကြာခဏပြုလုပ်လျက်ရှိရာ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဒေသခံပြည်သူများ ဆင်းရဲဒုက္ခရောက်ကြရသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူများ နေရပ်စွန့်ခွာ၍ ဘေးလွတ်ရာတွင် တိမ်းရှောင်နေရပြီး အလုပ်အကိုင်၊ စီးပွားရေး၊ လူမှုဘဝအခြေအနေများပျက်ပြားကာ သားသမီးများ၏ပညာသင်ကြားရေးပါ ဆုံးရှုံးနစ်နာမှုများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်ရှိ နယ်စပ်မြို့ရွာဒေသများတွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် ပြည်သူများ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာရသည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများပါ ထိခိုက်နစ်နာမှုများရှိခဲ့သည်။ ယခုအခါ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများဘဝ လုံခြုံစိတ်ချမှုရှိစေရေးအတွက် အကြမ်းဖက်အဖျက်သမားများအား စွန့်လွှတ်စွန့်စားတိုက်ခိုက်နှိမ်နင်းနိုင်ခဲ့သောကြောင့် နယ်မြေဒေသများ ပြန်လည်တည်ငြိမ်အေးချမ်းလာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် တောတောင်များတွင် ပုန်းခိုလှုံပြီး မြို့ရွာများအတွင်း စိမ့်ဝင်ထိုးဖောက်ဝင်ရောက်လာနိုင်သောကြောင့် လက်ရှိဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် နောင်ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကိုချင့်ချိန်၍ အကြမ်းဖက်အဖျက်လုပ်ရပ်များ အမြစ်ပြတ်သွားနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များ အမြစ်ပြတ်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ သုံးဦးသုံးဖလှယ် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်အင်အားသည် ပြည်တွင်းမှာသာရှိသဖြင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းစေရန် ဒေသခံပြည်သူများကို နားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးပြီး စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တည်ငြိမ်အေးချမ်းမှုရှိပြီးဖြစ်သည့် မြို့ရွာများအတွင်း အကြမ်းဖက်သောင်းကျန်းသူများ စိမ့်ဝင်ခိုအောင်းမှုမရှိစေရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစွာဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများက တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်အပါအဝင် ပြည်နယ်များအတွင်းရှိ ကျောင်းသား ကျောင်းသူများ လာမည့်ကျောင်းဖွင့်ရာသီတွင် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့များနှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံရေး၊ ကာကွယ်ရေးနှင့်စီးပွားရေးတို့သည် တိုက်ရိုက်ဆက်စပ်မှုရှိပြီး နိုင်ငံရေး၊ ကာကွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ တည်ငြိမ်မှုရှိအောင် ဟန်ချက်ညီညီ ဆောင်ရွက်ကြရမည် ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ တိုက်ပွဲများကြောင့် ယာယီနေရပ်စွန့်ခွာသွားသူများ ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ ပျက်စီးသွားသောမြို့ရွာများ ပြန်လည်ထူထောင်ရေးနှင့် မိုင်းရှင်းလင်းရေး၊ စီးပွားရေးအလုပ်အကိုင်များ ပုံမှန်ပြန်လည်လုပ်ကိုင်နိုင်ရေးနှင့် နယ်စပ်ဒေသ ကုန်သွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားလာရေး၊ ပြည်သူများလူမှုစီးပွားဘဝများ လုံခြုံစိတ်ချပြီး တည်ငြိမ်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် အရေးအကြီးဆုံးအချက်ဖြစ်၍ မြို့ရွာများ တည်ငြိမ်အေးချမ်းမှုရှိအောင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဒေသခံပြည်သူများ လက်တွဲပူးပေါင်းပြီး အကြမ်းဖက်အဖျက်သမားများ လုံးဝခိုအောင်းနိုင်ခြင်းမရှိအောင် သတိမပြတ်ဆောင်ရွက်ကြပြီး နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံစိတ်ချရမှုမြင့်မားတိုးတက်လာအောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာပြင် | - | ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စကားရပ်များ ပြောင်းလဲသတ်မှတ်သည့် ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၂

စကားရပ်များ ပြောင်းလဲသတ်မှတ်သည့် ဥပဒေ (မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် ၁၉၀၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် အခွန်ဝန်ကြီးဌာနအောက်၌ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ဆုံးဖြတ်ချက်အရ နိုင်ငံတကာ အသုံးအနှုန်းနှင့် လျော်ညီမှုရှိစေရန် "လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန"ဟု အမည်ပြောင်းခဲ့သော်လည်း ဌာန၏မူလ လုပ်ငန်းစဉ်များအရလည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၁) တွင် "ကြေးတိုင်နှင့်မြေစာရင်း" ဟု ဖော်ပြထားခြင်းကြောင့်လည်းကောင်း၊ မူလအမည်ဖြစ်သည့် "ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန" ဆိုသည့် အမည်နှင့်သာ ကိုက်ညီမှုအရှိဆုံးဖြစ်သည့်အတွက် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များတွင် ပါရှိသော ဦးစီးဌာန၏ အမည်ကို ပြောင်းလဲလို၍ အဆိုပါဥပဒေ (မူကြမ်း)ကို ရေးဆွဲရခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က စကားရပ်များ ပြောင်းလဲသတ်မှတ်သည့် ဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုချင်းအလိုက် ရေးဆွဲပြဋ္ဌာန်းခြင်းမှာ သင့်လျော်မှန်ကန်မှု မရှိကြောင်း၊ ဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်၊ ညွှန်ကြားချက်များတွင်ပါရှိသော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဆိုသည့်စကားရပ်ကို ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဆိုသည့် စကားရပ်အဖြစ် ပြောင်းလဲ သတ်မှတ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် အညီဖြစ်စေရန် ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းမည့်အစား အခြားလျော်ကန် သင့်မြတ်သည့် နည်းလမ်းဖြင့်သာ ဆောင်ရွက်သင့်ကြောင်း ပြောကြားပြီး ဆောင်ရွက်ရမည့် အလျော်ကန်ဆုံး နည်းလမ်းကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (၁၄) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




နေပြည်တော် မေ ၂

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၄) ကြိမ်မြောက်အစည်းအဝေးကို ထိုင်းနိုင်ငံ ပတ္တရားမြို့တွင် ဧပြီ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီး အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်နှင့် အရာထမ်းတစ်ဦးတို့လည်း လိုက်ပါတက်ရောက်ကြသည်။

(၁၄) ကြိမ်မြောက် အစည်းအဝေးမတိုင်မီ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့်စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက်မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် Mr. Chatoulong Bouasisavath နှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစားသံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးတွင် လူ့စွမ်းအားအရင်းအမြစ်နှင့် အရင်းအမြစ်များ စုစည်းအသုံးချရေးအကြား ကွာဟချက်မရှိစေရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသာမက သက်ဆိုင်ရာအမျိုးသားအာဆီယံဌာနများ ခိုင်မာအားကောင်းရန်လည်း လိုအပ်ပါကြောင်းနှင့် သက်ဆိုင်ရာမဟာဗျူဟာစီမံကိန်းများ ရေးဆွဲရာတွင် အထက်မှအောက်သို့ လမ်းညွှန်ခြင်း (Top–Down Guidance) အပြင် အောက်မှအထက်သို့တင်ပြသည့် လုပ်ငန်းစဉ် (Bottom–Up Initiatives)ကိုလည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ပြီး မဏ္ဍိုင် (၃) ရပ်လုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၊ အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်နှင့် အာဆီယံပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာ ကော်မတီတို့နှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ယင်းလုပ်ငန်းစဉ်များကို သင့်လျော်သည့်ကဏ္ဍတွင် ထည့်သွင်းရေး အကြံပြုဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အာဆီယံစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းတွင် တိုးတက်မှုများကို မှတ်သားခဲ့ကြပြီး အကြံပြုချက်နှင့်အညီ အကောင်အထည်ဖော်ရန် ကျန်ရှိသည့် အဆိုပြုလုပ်ငန်းစဉ်များကို စာရင်းပြုစုတင်ပြရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအား တာဝန်ပေးအပ်ခဲ့သည်။

ထို့ပြင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာစီမံချက်၏ ဇယားပုံစံကို စကားပြေပုံစံ ပြောင်းလဲပြင်ဆင်ရန် တာဝန်ပေးအပ်ခဲ့ပြီး အာဆီယံစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များ ထည့်သွင်းဖော်ပြမည့်ကဏ္ဍကို သင့်လျော်သည့်အချိန်မှ စဉ်းစားဆုံးဖြတ်ရန် သဘောတူညီခဲ့ကြသည်။

အစည်းအဝေးကာလအတွင်း အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံပေါင်းစည်းဆက်သွယ်ညှိနှိုင်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် မျက်နှာစုံညီအစည်းအဝေးပြုလုပ်ရာ သက်ဆိုင်ရာမဏ္ဍိုင်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှု၏ တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးကြပြီး မဟာဗျူဟာစီမံချက်များ ရေးဆွဲမှုအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် အာဆီယံစွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် မဏ္ဍိုင်(၃)ရပ်လုံးနှင့် သက်ဆိုင်ရာလုပ်ငန်းစဉ်များအား ထည့်သွင်းဖော်ပြမည့်ကဏ္ဍ သတ်မှတ်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ဆိုင်ရာ ဟန္တိုင်းကြေညာချက်နှင့် လမ်းပြမြေပုံနှင့်အညီ အာဆီယံအသိုက်အဝန်း မဏ္ဍိုင်(၃)ရပ်တို့အကြား နီးကပ်စွာ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် (၂၀၄၅) ရေးဆွဲရန်အတွက် ၂၀၂၂ ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် မေ ၂

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Essential Motor Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Han အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ BYD Atto 3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Super Seven Stars Motors Industry Co., Ltd က တင်သွင်းလာသောကိုရီးယားနိုင်ငံထုတ် KIA EV–6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Win Motor Myanmar Co.,Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုး အစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Auto Top Power Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Honda ENS1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ မေ ၂ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲ ကျင်းပ





**နေပြည်တော် မေ ၂**

၂၀၂၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းကြောင့် နိုင်ငံတော်အတွက် ခိုင်လုံသော အခြေခံစာရင်းအင်း ကိန်းဂဏန်းများရရှိပြီး စီမံကိန်းများရေးဆွဲရာတွင် အသုံးပြုနိုင်ရန် တိကျမှန်ကန်သည့် ခန့်မှန်းလူဦးရေများ တွက်ချက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု စသည်တို့ကို အခြေခံ၍ ၂၀၂၄ ခုနှစ်တွင် ရှိလာမည့် ခန့်မှန်းလူဦးရေ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စု ၁၃ သန်းခန့်ကို အခြေခံတွက်ချက်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းယူနစ်(Census Unit) ၈၀၀၀၀ ခန့်ရှိပြီး စာရင်းကောက်ကွက်ပေါင်း ၁၁၀၀၀၀ ခန့်ရှိမည်ဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၄၂၀၀၀ ခန့်ဖြင့် ကောက်ယူဆောင်ရွက်ရန် လျာထားကြောင်း။

စာရင်းကောက်ယူခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးအခြေအနေမှလွဲ၍ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူရန်ကျန်ရှိနေပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လည်း လိုအပ်ကြောင်း၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်သည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်ညသန်းခေါင်ယံအချိန်ဖြစ်ပြီး အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်း မေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို မေးမြန်းကောက်ယူမည်ဖြစ်ကြောင်း။

**စတင်ဖွင့်လှစ်သွားမည်**

ပြည်လုံးကျွတ် သန်းခေါင်စာရင်းအတွက် စာရင်းစစ်၊ စာရင်းကောက် နည်းပြသင်တန်းနှင့် ဆင့်ပွားသင်တန်းအဆင့်ဆင့်ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားရှိမှု၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လူဦးရေ၏ အခန်းကဏ္ဍနှင့် လူဦးရေပြောင်းလဲမှုဖြစ်စဉ်၏ အရေးပါမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များမှ ဖော်ထုတ်ချက် အကျဉ်းချုပ်တို့ကို ရှင်းလင်းဆွေးနွေးတင်ပြကာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထုအသိပညာပေး TV Spot များကို ပြသသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ပြီး ခင်းကျင်းပြသထားသည့်သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ် ဦးစီးမှူးရုံးသို့ သွားရောက်၍ မြို့နယ်ရုံးဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူ၊ လဲလှယ်လျှောက်ထားသူ ပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးဆောင်ရွက်နေမှု၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများကို e-ID စနစ်အတွက် Biographic/ Biometric ကောက်ယူခြင်းလုပ်ငန်းကို တစ်ပါတည်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးမှတ်တမ်းခန်း၌ ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် ရုံးခန်းများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့၏အချက်အချာနေရာနှင့် လူစည်ကားရာနေရာတွင် တည်ရှိသည့်အတွက် မီးဘေးအန္တရာယ်နှင့် လုံခြုံရေးကို အထူးအလေးထားဂရုပြုဆောင်ရွက်ရန်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သာယာဝတီခရိုင်ရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်

**နေပြည်တော် မေ ၂**

ပဲခူးတိုင်းဒေသကြီး နယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဧပြီ ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကြို့ပင်ကောက်မြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၅၉ ခုမှ ပြည်သူ ၂၄၃ ဦး၊ အုတ်ဖိုမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၃ ခုမှ ပြည်သူ ၃၃၂ ဦး စုစုပေါင်း ၅၇၅ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ် မဲပေးလေ့လာကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲပေးခဲ့ရသည့် အတွေ့အကြုံများနှင့် မဲရုံအဖွဲ့ဝင်များအဖြစ်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များ ပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေပညာဒါန(အခမဲ့)အသိပညာပေးရွှေသင်တန်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် မေ ၂**

ရန်ကုန် တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းမှ ကြီးမှူးဖွင့်လှစ်သည့် (၃၂)ကြိမ်မြောက် ရွှေပညာဒါန (အခမဲ့)အသိပညာပေးရွှေသင်တန်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်း အမှတ်စဉ်(၁၃)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

ဦးစွာ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်း ပြောကြားရာတွင် ရွှေဈေးကွက်အတွင်း ရောင်းမှား ဝယ်မှားများ မဖြစ်ပေါ်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် ငွေကြေးခဝါချ အသိပညာပေးခြင်း၊ ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက် ရောင်းဝယ်ခြင်း၊ ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်ချက်နည်း၊ ရွှေပန်းထိမ်၊ ရွှေဒင်္ဂါး/ငွေဒင်္ဂါး ရွှေအပေါင်ခံခြင်း၊ ကျောက်မျက်ပညာ၊ အသုံးချရွှေသင်္ချာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်းအစရှိသည့် ဘာသာရပ်များကို သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းကို မေ ၂ ရက်မှ ၁၁ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ၁၀ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ သင်တန်းသားသင်တန်းသူ ၁၅၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov နှင့်အဖွဲ့ကို နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရုရှားသံရုံးမှ စီးပွားရေးရာ ကောင်စစ်ဝန်နှင့် သံတမန်ရေးရာသံမှူးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



**ရန်ကုန် မေ ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီမှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းနှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ OSSC မှ တာဝန်ရှိသူများက သီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက်လေ့လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးနွေးထွေးစွာ လက်ခံတွေ့ဆုံပြီး ရုရှား-မြန်မာသည် အစဉ်အလာအားဖြင့် ချစ်ကြည်ရင်းနှီးသော နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းဆိုင်ရာများကိုလည်း ရှင်းလင်းပြသဖိတ်ခေါ်လျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံ စီးပွားရေးအခွင့်အလမ်းဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးကိုယ်စားလှယ်အဖွဲ့မှ Mr.Marat Amirovich က နှစ်နိုင်ငံ G to G ပူးပေါင်းဆောင်ရွက်မှုများရှိပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

ယင်းနောက် စီးပွားရေးလုပ်ငန်းရှင်အဖွဲ့အား သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက်မှုတို့တွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများစွာ ဖော်ဆောင်ထားရှိမှုတို့ကို အသေးစိတ်ရှင်းလင်းပြသကာ ကိုယ်စားလှယ်အဖွဲ့အား အထူးစီးပွားရေးဇုန်အတွင်း လှည့်လည်ပြသသည်။

သီလဝါအထူးစီးပွားရေးစက်မှုဇုန်တွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၁၂၄ သန်း ရင်းနှီးမြှုပ်နှံထားကာ မြန်မာနိုင်ငံတွင် အောင်မြင်လျက်ရှိသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်သည်။ ပြည်ပသို့ ပို့ကုန်များ တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း၊ ပြည်ပမှ သွင်းကုန်အစားထိုးလုပ်ငန်းများကို ဆောင်ရွက်ပြီး နိုင်ငံအတွက် လိုအပ်သောဆေးဝါး၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ လူစီးမော်တော်ယာဉ်များ၊ လယ်ထွန်စက်များ၊ လယ်ယာသုံးစက်ပစ္စည်းများနှင့် ဓာတ်မြေဩဇာများအပါအဝင် ကုန်ချောပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိသည်။ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရေးကို နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက စနစ်တကျဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် အောင်မြင်နေသော အထူးစီးပွားရေးဇုန်တစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**



# လပွတ္တာမြို့၌ (၇၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**လပွတ္တာ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် (၃) မိုင်မြို့ရှိ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံ၌ မေ ၅ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

**စုပေါင်းသွေးလှူဒါန်း**

အဆိုပါ သွေးလှူဒါန်းပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကို ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်မှ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၄၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**မူမူ**

# မော်ဘီမြို့နယ်ဂုဏ်ဆောင် လူရည်ချွန်မောင်မယ်များအား ကြိုဆိုဂုဏ်ပြုပွဲနှင့် အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ



**မော်ဘီ မေ ၂**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မော်ဘီမြို့နယ် ဂုဏ်ဆောင် လူရည်ချွန် မောင်မယ်များအား ကြိုဆိုဂုဏ်ပြုပွဲနှင့် အတွေ့အကြုံ ရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီက အထက (၁) ပညာရတနာ ခန်းမ၌ ကျင်းပသည်။

**ကြိုဆိုဂုဏ်ပြု**

ဦးစွာ မော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးထင်ကျော်က ကြိုဆိုဂုဏ်ပြုစကား ပြောကြားကာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် HOPE ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-12 လူရည်ချွန် ကျောင်းသား မောင်ဖလားရှင်းရိန်က ချောင်းသာအပန်းဖြေစခန်း လူရည်ချွန် အတွေ့အကြုံများနှင့် အထက (၁) မော်ဘီမှ Grade-11 လူရည်ချွန်ကျောင်းသူ မသော်ခြူးခြူးစံက ငွေဆောင်အပန်းဖြေစခန်းမှ လူရည်ချွန်အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ဦးခင်မောင်ဝင်း (သစ္စာအောင်မြင်ရွှေဆိုင်)က လူရည်ချွန် မောင်မယ်များအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မော်ဘီ)**

■

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သောက်သုံးရေများ လှူဒါန်း



**မုဒုံ မေ ၂**

မေ ၅ ရက်တွင်ကျရောက်မည့် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုဒုံမြို့နယ် မီးသတ်ဦးစီးဌာနသည် ယမန်နေ့တွင် မုဒုံမြို့နယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မုဒုံမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဖုန်းမြင့်အေး ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့တို့က မီးသတ်ရေသယ်ယာဉ် သုံးစီး၊ မီးငြိမ်းသတ်ယာဉ် နှစ်စီးတို့ဖြင့် သောက်သုံးရေခက်ခဲနေသော ပင်လယ်ဆိပ်ကမ်းအနီး ကတုံးပေါ်ကျေးရွာရှိ အိမ်ခြေ ၃၀၆ အိမ်အတွက် ရေဂါလန် စုစုပေါင်း ၆၀၀၀ ကို အိမ်တိုင်ရာရောက် လိုက်လံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်းအလေ့အထ

**သဇင်**

**ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်းအလေ့အထသည် ရေနှင့်တူပါသည်။ ရေသည် အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်ပေါင်းစပ်ခြင်းဖြင့် ရရှိလာသောဒြပ်ပေါင်းဖြစ်ပါသည်။ ဟိုက်ဒရိုဂျင်အက်တမ် နှစ်ခုနှင့် အောက်ဆီဂျင်အက်တမ် တစ်ခု ပေါင်းစပ်ခြင်းဖြင့် ရေဆိုသည့်မော်လီကျူး ရရှိပါသည်။ ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင် မှန်ကန်စွာ ပေါင်းစပ်မှသာ ရေနှင့် အရောင်၊ အနံ့၊ အရသာမရှိသော ရေ၏ဂုဏ်သတ္တိများရရှိလာပါသည်။ ရေတွင် ဟိုက်ဒရိုဂျင် သို့မဟုတ် အောက်ဆီဂျင်ပါဝင်မှု လျော့နည်းသွားပါက ရေ၏အရည်အသွေးများ လျော့နည်းကျဆင်းသွားပါသည်။ ကျောင်းသားနှင့် စာဖတ်ခြင်းဆိုသည်မှာလည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။**



အခြားစာအုပ်စာပေများကို လေ့လာဖတ်ရှုခြင်းသည် ပြင်ပဗဟုသုတရရှိခြင်း၊ အတွေးအခေါ်ကျယ်ပြန့်စေခြင်း၊ အခြားသူများ၏ အတွေ့အကြုံများကိုရရှိစေခြင်းကြောင့် ကျွန်မတို့၏ ပညာသင်ယူမှုကို ထိရောက်စွာပံ့ပိုးပေးနိုင်သဖြင့် ကျောင်းသားနှင့် စာဖတ်ခြင်းမှာ ဒွန်တွဲ၍နေပါသည်။ ကျွန်မတို့ကဲ့သို့ ကျောင်းသားလူငယ်များသည် အများအားဖြင့် ကျောင်းစာများဖြင့်သာ နပန်းလုံးနေတတ်ကြသည်။ စာမေးပွဲကြီး ထူးချွန်ထက်မြက်စွာ အောင်မြင်ရေးအတွက် ကျောင်းစာများကို သင်ယူကြသည်၊ ကျက်မှတ်ကြသည်၊ တွက်ချက်ကြသည်။ စာသင်နှစ်တစ်နှစ်လုံး ကျောင်းစာများဖြင့် ပိနေတတ်ကြသဖြင့် ပြင်ပစာပေများကို ဖတ်ရှုလေ့လာရန် အများအားဖြင့် အချိန်မပေးဖြစ်တတ်ကြပါ။

ကျွန်မတို့သည် အခြားစာအုပ်စာပေများ ဖတ်ရှုခြင်းထက် ကျောင်းစာများ ကျေညက်၍ စာမေးပွဲတွင် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်ရေးအတွက် ကျောင်းသင်ခန်းစာများကိုသာ ဦးစားပေးလေ့ရှိကြပါသည်။ သို့ဖြစ်၍ ကျောင်းသားလူငယ်တို့အဖို့ ပြင်ပစာပေများနှင့် တဖြည်းဖြည်းဝေးလာကြပြီး စာဖတ်သည့် အလေ့အထ အားနည်းသွားတတ်ကြပါသည်။

**စာသင်ရခြင်းရည်ရွယ်ချက်**

ကျောင်းသား တစ်ယောက်အတွက် ကျောင်းတက်၊ စာသင်၊ စာမေးပွဲအောင်ရုံဖြင့် ပညာသင်ကြားရသည့်ရည်ရွယ်ချက် ပြည့်စုံလုံလောက်ပြီဟု ကျွန်မ မယူဆပါ။ ကျောင်းသားလူငယ်များသည် တက်ရသည့် အတန်းအလိုက် သက်ဆိုင်ရာ ဘာသာရပ်များကို သင်ယူကြရသည်။ သင်ရိုးညွှန်းတမ်းတွင် ပါဝင်သည့် ဘာသာရပ်များကို သင်ယူရာတွင် ဖတ်စာအုပ်များထဲမှ သင်ခန်းစာများ၊ ပုစ္ဆာများ၊ အကြောင်းအရာများကို ကျက်မှတ်သိရှိပြီး အမှတ်ကောင်းကောင်းရအောင်ဖြေဆိုနိုင်ရုံဖြင့် စာသင်ရခြင်း ရည်ရွယ်ချက် ပြည့်စုံပြီဟု ကျွန်မတို့ ယူဆထားလေ့ရှိကြပါသည်။

ကျွန်မတို့သင်ကြားရသည့် ဘာသာရပ်တိုင်းတွင် ထိုဘာသာရပ်သင်ကြားရသည့် ရည်ရွယ်ချက်များကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ဥပမာအနေဖြင့် မြန်မာစာသင်ကြားရသည့် ရည်ရွယ်ချက်တွင် မြန်မာစာကို လက်တွေ့ဘဝ၌ ပိုမိုအကျိုးဖြစ်စေမည့် ဘာသာရပ်စကား စွမ်းရည်လေးရပ် တိုးတက်လာစေရေးအတွက်ဟု ဆိုထားပါသည်။ ထို့အပြင် မြန်မာစာ၊ မြန်မာဘာသာစကားကို လေ့လာသင်ယူရာတွင်ဖြစ်စေ၊ လက်တွေ့အသုံးချရာတွင်ဖြစ်စေ ကြုံတွေ့ရသည့်အခက်အခဲများ၊ ပြဿနာများကိုလည်း ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ်ဖန်တီးတတ်စေရန် လေ့ကျင့်သင်ယူရမည်ဟု ဖော်ပြထားပါသည်။

အလားတူပင် အခြားဘာသာရပ်များတွင်လည်း သက်ဆိုင်ရာဘာသာရပ်များ သင်ကြားရခြင်း၏ရည်ရွယ်ချက်များ ရှိကြပါသည်။ သက်ဆိုင်ရာဘာသာရပ်အလိုက် အခြေခံရည်ရွယ်ချက်များမှာ ဘာသာရပ်အကြောင်းအရာများ သိရှိနားလည်ရန်အပြင် ကျွန်မတို့ဘဝအတွက် အခြေခံကျွမ်းကျင်မှုများ၊ ဗဟုသုတများ၊ စွမ်းရည်မျိုးစုံ၊ မိမိကိုယ်မိမိယုံကြည်မှု၊ ပြဿနာဖြေရှင်းခြင်းနှင့် ကျိုးကြောင်းဆက်စပ်စဉ်းစားနိုင်သည့် အရည်အချင်းများ၊ အဆင့်မြင့်ပညာများ သင်ယူရန်အတွက် အခြေခံများ၊ ကိုယ်ကျင့်တရားနှင့် စည်းကမ်းလိုက်နာမှုတို့ကဲ့သို့သော ဘဝတစ်လျှောက်လိုအပ်မည့် ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်များ ပြုစုပျိုးထောင်ရန်မှာ ပညာသင်ယူရခြင်း၏ ရည်ရွယ်ချက်အဖြစ် တွေ့ရပါသည်။

**စာဖတ်ခြင်း**

ကျောင်းသားများအတွက် စာဖတ်ခြင်းသည် မရှိမဖြစ်လိုအပ်မှုတစ်ခု ဖြစ်ပါသည်။ စာအုပ်စာပေများကို ဖတ်ရှုလေ့လာခြင်းကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများသည် ကျွန်မတို့၏ ပညာသင်ယူမှုကို ပိုမိုထိရောက်စေပါသည်။ တရုတ်တွေးခေါ်ပညာရှင် ကွန်ဖြူးရှပ်က တွေးခေါ်မှုမရှိဘဲ သင်ယူခြင်းသည် အချည်းအနှီးသာဖြစ်ပြီး သင်ယူခြင်းမရှိဘဲ တွေးတောခြင်းသည် ဆိတ်သုဉ်းခြင်းပင်ဖြစ်သည်ဟု ဆိုထားပါသည်။

> **“စာဖတ်ခြင်းမှာ စာမေးပွဲများနှင့်တိုက်ရိုက်မသက်ဆိုင်သော်လည်း ကျွန်မတို့ ကျောင်းသားတစ်ဦးချင်း၏ အရည်အသွေး တိုးတက်ရေးအတွက်မူ အရေးကြီးပါသည်။ စာဖတ်ခြင်းကြောင့်ရရှိလာသည့် အသိအမြင်များသည် ကျွန်မတို့၏ လေ့လာသင်ယူမှုများနှင့် စဉ်းစားတွေးခေါ်မှုပုံစံတို့ကို ပြောင်းလဲစေနိုင်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်လည်း စာဖတ်ခြင်းသည် ဦးနှောက်ကို အစာကျွေးခြင်းဟု ဆိုကြခြင်းဖြစ်”**

ပညာရေး၏ အဓိကရည်မှန်းချက်များတွင်လည်း စဉ်းစားတွေးခေါ်နိုင်သည့် အရည်အချင်းရှိရေး ပါဝင်ပါသည်။ ကျောင်းသား ကျောင်းသူများ ကျယ်ပြန့်သောဗဟုသုတများရရှိရန်နှင့် အတွေးသစ်၊ အမြင်သစ်များရရှိရေးသင်ယူရာတွင် စာဖတ်သည့် အလေ့အထ ပြုစုပျိုးထောင်ပေးခြင်းသည် သင်ကြားရေးကို ထိရောက်စေသည့် နည်းလမ်းတစ်ခုဟု ကျွန်မထင်ပါသည်။ ကျောင်းသား ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ရရှိရန်အတွက် သီးခြားလေ့ကျင့်ပေးရန် မလိုပါ။ ကျောင်းသင်ခန်းစာများ သင်ကြားရင်း ကျွဲကူးရေပါသဘောမျိုး သင်ကြားပေးနိုင်ပါသည်။ ခက်သည်မှာ စာဖတ်ခြင်းမှရရှိလာသော အကျိုးရလဒ်များသည် စာမေးပွဲများနှင့်တိုက်ရိုက် မသက်ဆိုင်သဖြင့် အလေးမထားကြခြင်း ဖြစ်နိုင်ပါသည်။

**စာဖတ်ခြင်းမှာ စာမေးပွဲများနှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း ကျွန်မတို့ ကျောင်းသားတစ်ဦးချင်း၏ အရည်အသွေး တိုးတက်ရေးအတွက်မူ အရေးကြီးပါသည်။ စာဖတ်ခြင်းကြောင့် ရရှိလာသည့် အသိအမြင်များသည် ကျွန်မတို့၏ လေ့လာသင်ယူမှုများနှင့် စဉ်းစားတွေးခေါ်မှုပုံစံတို့ကို ပြောင်းလဲစေနိုင်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်လည်း စာဖတ်ခြင်းသည် ဦးနှောက်ကို အစာကျွေးခြင်းဟု ဆိုကြခြင်း ဖြစ်ပါသည်။**

ကျွန်မတို့သည် ရုပ်သွင်ပြင်များ လှပရန် အလှပစ္စည်းများအသုံးပြု၍ လိမ်းခြယ်ပြင်ဆင်တတ်ကြသည်။ ရုပ်ဝတ္ထုပစ္စည်းများပေါ်များရန် ကြိုးစားကြသည်။ သို့ရာတွင် စိတ်နှင့် ဦးနှောက်ကို ပြင်ဆင်ရန်၊ တိုးတက်ရန်အတွက်မူ သတိမမူမိတတ်ကြပါ။ အမှားအမှန်၊ အကောင်းအဆိုးနှင့် ထိုးထွင်းကြံဆတတ်သည့် စဉ်းစားတွေးခေါ်မှုများ ရရန်ဆိုပါက စာဖတ်ဖို့ လိုပါလိမ့်မည်။ စာဖတ်ခြင်းသည် သူတစ်ပါး၏ အတွေ့အကြုံကို ကိုယ့်အတွေ့အကြုံအဖြစ်ရယူခြင်းဟု ဆရာကြီး ဦးအောင်သင်းကပြောဖူးပါသည်။ ဆရာကြီးပြောကြားသကဲ့သို့ ဦးနှောက်ခါးတောင်းကျိုက်ရန်ဆိုပါက စာဖတ်ကြရန် လိုအပ်ပါသည်။ စာဖတ်ခြင်းဖြင့် အတွေ့အကြုံများ၊ ဗဟုသုတများနှင့် အသိအမြင်အသစ်များရရှိပြီး ဦးနှောက်ဉာဏ်ကို ပို၍ကျယ်ပြန့်စေပါသည်။

“a little knowledge is a dangerous thing” ဆိုသည့် စကားကို လူတိုင်းသိပြီး ဖြစ်ကြပါသည်။ အနည်းငယ်သော ဗဟုသုတသည် လူတစ်ယောက်အား ကိုယ့်ကိုယ်ကိုယ် အမှန်တကယ် အတွေ့အကြုံရှိပြီး ကျွမ်းကျင်သူတစ်ဦးအဖြစ် ထင်မြင်ယူဆစေနိုင်ကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။ နွားခြေရာခွက်အတွင်းမှ ဖားသူငယ်ကဲ့သို့ အမြင်ကျဉ်းမြောင်း၍ မရနိုင်ပါ။ ကျွန်မတို့၏ စိတ်နှင့် ဦးနှောက်တို့ကို ဖွင့်ပေးရန်လိုပါသည်။ အသိအမြင်များကို ဖွင့်ပေးနိုင်သည်မှာ စာဖတ်ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် ပညာရှာသည့်အချိန်တွင် ကျွန်မတို့၏ အကြား၊ အမြင်၊ အတွေ့အကြုံနှင့် အသိဉာဏ်များကို ပိုမို ပွင့်လင်းလာရေးမှာ ပညာသင်ကြားရသည့် ရည်ရွယ်ချက်လည်း ဖြစ်ပါသည်။

**စာဖတ်ခြင်း၏အကျိုးကျေးဇူးများ**

ဆရာဇန်းမော်သိန်းဖေ ဘာသာပြန်ထားသည့် ကမ္ဘာ့ထိပ်တန်းဘီလျံနာသူဌေး အီလွန်မတ် အကြောင်းစာအုပ်ကို ကျွန်မဖတ်ဖူးပါသည်။ အီလွန်မတ်သည် ငယ်စဉ်ကတည်းကပင် စာဖတ်ဝါသနာပါသည်ဟု ဆိုပါသည်။ **“အီလွန်မတ်ရဲ့ လူငယ်ဘဝမှာ သိသာထင်ရှားတဲ့ စရိုက်တစ်ခုက စာအလွန်ဖတ်ချင်နေတာပါ။ သူဟာ ငယ်စဉ်ကလေးဘဝကတည်းက လက်ထဲမှာ စာအုပ်တစ်အုပ်ကို အမြဲကိုင်ထားတတ်တယ်”**ဟု ဆိုပါသည်။ အီလွန်မတ်သည် ကျောင်းတက်ကတည်းကပင် တစ်ရက်လျှင် စာအုပ် နှစ်အုပ် ဖတ်သည်ဟု ဆိုပါသည်။ အီလွန်မတ်အနေဖြင့် လျှပ်စစ်ကားများ၊ နေရောင်ခြည် စွမ်းအင်နှင့် ဒုံးပျံများအကြောင်း ယခုကဲ့သို့ စိတ်ဝင်စားရခြင်းမှာ သူငယ်စဉ်က သိပ္ပံဝတ္ထုစာအုပ်များ အများကြီးဖတ်ခဲ့ ခြင်းကြောင့် ထင်ကြောင်း အီလွန်မတ်ကိုယ်တိုင်က ပြောခဲ့ပါသည်။ ထို့အတူ ကမ္ဘာပေါ်တွင် ထူးချွန်စွာအောင်မြင်နေသူတိုင်းသည် စာအလွန်ဖတ်ကြသူများဖြစ်ကြပါသည်။

**ဤသည်မှာ စာအုပ်စာပေများက ကျွန်မတို့၏ ဘဝများအပေါ် လွှမ်းမိုးပြောင်းလဲစေနိုင်သည့် သာဓကပင်ဖြစ်သည်။ လက်တွေ့တွင်လည်း စာအုပ်စာပေဖတ်ခြင်းကြောင့် ကျွန်မတို့၏ဘဝကို ပြောင်းလဲနိုင်ပါသည်။ စာအုပ်များကို ဖတ်ရှုပြီးနောက် ကျွန်မတို့သည် ကိုယ်မသိဖူးသည့် အကြောင်းအရာများ၊ အတွေးအခေါ်များ၊ စဉ်းစားစရာများ၊ ခံစားမှုများ ရရှိလာကြသည်။ စာအုပ်တွင်ပါဝင်သည့် အကြောင်းအရာများအပေါ် တွေးတောစဉ်းစားမိလာကြသည်။ ထိုမှတစ်ဆင့် အသိအမြင်နှင့် အမူအကျင့်များကို ပြောင်းလဲစေသည်ကို တွေ့ရပါသည်။**

**ကျွန်မတို့၏ဦးနှောက်သည် စာဖတ်ခြင်းကြောင့် ရှင်သန်နိုးထလာကြသည်။ ထို့ကြောင့် စာအုပ်စာပေဖတ်ရှုခြင်းသည် စိတ်အတွက် အသက်ရှူခြင်းဟု ဆိုကြခြင်းဖြစ်ပါလိမ့်မည်။ ကျွန်မတို့သည် အသက်ရှင်မှုအတွက် အသက်ရှူကြရသည်။ အသက်ရှူရပ်သွားသည်နှင့် သေဆုံးသွားမည်ဖြစ်သည်။ စာမဖတ်ခြင်းသည် သေဆုံးနေသည့်စိတ်နှင့် တူပါလိမ့်မည်။ လှုပ်ရှားမှု၊ နိုးကြားမှု၊ တက်ကြွမှုတို့ ကင်းမဲ့နေမည် ဖြစ်ပါသည်။ ထို့ပြင် စာဖတ်ခြင်းသည် စိတ်၏ တံခါးပေါက်များကို ဖွင့်ပေးခြင်းဟုလည်း ကျွန်မမှတ်သားဖူးပါသည်။ စိတ်၏တံခါးပေါက်များကိုဖွင့်ပေးမှသာ ပြင်ပဗဟုသုတများ၊ အတွေးအမြင်အသစ်များ၊ စွန့်ဦးတီထွင်မှုများနှင့် တိုးတက်မှုများကို ရရှိမည်ဖြစ်သည်။**

**စာဖတ်ခြင်းအလေ့အထပြုစုပျိုးထောင်**

စာဖတ်ခြင်းအလေ့အထသည်ကျောင်းသားများနှင့်မစိမ်းသော အလေ့အကျင့်တစ်ခု ဖြစ်ပါသည်။ သို့သော်လည်း စာဖတ်ဝါသနာပါခြင်းနှင့် ကျောင်းစာများ သင်ယူလေ့လာကျက်မှတ်ရခြင်းမှာ မတူဟု ကျွန်မထင်ပါသည်။ ကျွန်မတို့သည် ကျောင်းသင်ခန်းစာများ သင်ယူလေ့လာကျက်မှတ်ရခြင်းမှာ စာမေးပွဲအောင်မြင်ရေးအတွက်ကိုသာ အဓိကရည်ရွယ်တတ်ကြပါသည်။ ဖြစ်တတ်သည်မှာ ကျွန်မတို့သည် အတန်းတစ်တန်း အောင်လျှင် ထိုအတန်းမှ စာများသည် ကျွန်မတို့ခေါင်းထဲတွင် အနည်းငယ်သာ ကျန်ခဲ့တတ်ကြခြင်း ဖြစ်ပါသည်။

**စာမျက်နှာ ၇ သို့ ***

"ကျွန်မတို့၏ဦးနှောက်သည် စာဖတ်ခြင်းကြောင့် ရှင်သန်နိုးထလာကြသည်။ ထို့ကြောင့် စာအုပ်စာပေဖတ်ရှုခြင်းသည် စိတ်အတွက် အသက်ရှူခြင်းဟု ဆိုကြခြင်းဖြစ်ပါလိမ့်မည်။ ကျွန်မတို့သည် အသက်ရှင်မှုအတွက် အသက်ရှူကြရသည်။ အသက်ရှူရပ်သွားသည်နှင့် သေဆုံးသွားမည်ဖြစ်သည်။ စာမဖတ်ခြင်းသည် သေဆုံးနေသည့် စိတ်နှင့်တူပါလိမ့်မည်။ လှုပ်ရှားမှု၊ နိုးကြားမှု၊ တက်ကြွမှုတို့ ကင်းမဲ့နေမည်ဖြစ်ပါသည်။ ထို့ပြင် စာဖတ်ခြင်းသည် စိတ်၏တံခါးပေါက်များကို ဖွင့်ပေးခြင်းဟုလည်း ကျွန်မမှတ်သားဖူးပါသည်။ စိတ်၏တံခါးပေါက်များကို ဖွင့်ပေးမှသာ ပြင်ပဗဟုသုတများ၊ အတွေးအမြင်အသစ်များ၊ စွန့်ဦးတီထွင်မှုများနှင့် တိုးတက်မှုများကို ရရှိမည်ဖြစ်"

✳ စာမျက်နှာ ၆ မှ

တစ်တန်းပြီးဆုံးလျှင် နောက်တစ်တန်းအတွက်သာ အာရုံစိုက်လေ့ရှိပြီး ပြီးဆုံးခဲ့သည့် အတန်းမှစာများကို မလိုအပ်တော့ဟုယူဆ၍ အလေးမထားခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ သို့ဆိုလျှင် စာသင်ယူရသည့် အဓိပ္ပာယ်မှာ အဟောသိကံ ဖြစ်သွားနိုင်ပါသည်။ ထိုမျှသာမက ပြင်ပစာအုပ်စာပေများကိုလည်း ဖြစ်ဖြစ်မြောက်မြောက် မဖတ်ဖြစ်ခဲ့ပါ။ ကျွန်မ ပြန်စဉ်းစားကြည့်မိပါသည်။ စာသင်နှစ်တစ်နှစ်အတွင်း၌ ကျောင်းသင်ခန်းစာများ အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း၊ ပြင်ပဗဟုသုတရရန်အတွက်လည်းကောင်း သို့တည်းမဟုတ် ဝါသနာအရလည်းကောင်း ပြင်ပစာအုပ်စာပေများ မည်မျှဖတ်ခဲ့သလဲဟူ၍ ဖြစ်ပါသည်။

တစ်လ နှစ်အုပ်နှုန်းဖတ်လျှင် တစ်နှစ်အတွင်း စာအုပ် ၂၄ အုပ် ဖတ်နိုင်မည်ဖြစ်သည်။ ထိုမျှလောက် ကျွန်မတို့ မဖတ်ဖြစ်ခဲ့ပါ။ ဘာကြောင့် မဖတ်ဖြစ်သလဲဆိုသည့် အကြောင်းများအထဲတွင် စာဖတ်ရန် ဝါသနာနည်းခြင်း၊ ကျောင်းသင်ခန်းစာများအတွက် ပြင်ပစာဖတ်ရန် များစွာမလိုအပ်ခြင်း (စာစီစာကုံး၊ essay၊ letter များရေးသားရန်အတွက် ပြင်ပစာအုပ်များဖတ်ခြင်းမှလွဲ၍)၊ စာအုပ်စာစောင်များ လက်လှမ်းတမီမရှိခြင်း စသည့်အကြောင်းတို့ကို တွေ့ရပါသည်။

တိုးတက်လိုသောသူများကမူ ငွေကြေး၊ အချိန်နှင့် အခြေအနေများ မရှိကြသည့်တိုင် စာအုပ်စာပေများကို ကျားကုတ်ကျားခဲ ရှာဖွေဖတ်ရှုကြသည်ကို တွေ့ရပါသည်။ ယနေ့ခေတ်အခြေအနေသည် ထိုမျှလောက် မခက်ခဲတော့ပါ။ စာအုပ်စာပေများကို အင်တာနက်မှတစ်ဆင့် ရှာဖွေဖတ်ရှုနိုင်ပါသည်။ သို့သော် ကျွန်မတို့ အားစိုက်၍မဖတ်ဖြစ်ကြပါ။ ယင်းကိုကြည့်ခြင်းအားဖြင့် စာဖတ်သည့်အလေ့အထ ဖြစ်လာရန်မှာ မိမိကိုယ်တိုင်၏ လိုချင်စိတ်အပေါ် မူတည်နေသည်ကို တွေ့ရပါသည်။ ကိုယ်တိုင်ကလိုချင်စိတ်ရှိမှသာ စာအုပ်စာပေကို တစိုက်မတ်မတ် ဖတ်ရှုလာမည်ဖြစ်ပါသည်။

**အားလပ်ချိန်များတွင် ကျောင်းစာကြည့်တိုက်သို့သွား၍ ဖတ်ရှုခြင်း၊ စာအုပ်စာပေများ မိမိဘာသာဝယ်ယူဖတ်ရှုခြင်း၊ သူငယ်ချင်းများနှင့် စာအုပ်များ လဲလှယ်ဖတ်ရှုခြင်း၊ အွန်လိုင်းတွင် စာအုပ်များ ရှာဖွေဖတ်ရှုခြင်းတို့ဖြင့် စာပေဖတ်ရှုသည့် အလေ့အထကို ပြုစုပျိုးထောင်နိုင်ပါသည်။ ထို့ပြင် ကျောင်းသင်ခန်းစာများနှင့်ဆက်စပ်၍ ပြင်ပစာအုပ်များဖတ်ရှုခြင်း၊ ဆွေးနွေးခြင်းဖြင့်လည်း စာဖတ်ခြင်း အလေ့အထကိုပြုစုပျိုးထောင်နိုင်ပါသည်။**

**စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်း**

ကျွန်မတို့သည် ပညာခေတ်တွင် ကြီးပြင်းလာရသူများ ဖြစ်ကြပါသည်။ ပညာသည်သာ ကျွန်မတို့အတွက် အားထားရာဖြစ်ပါသည်။ ကျွန်မတို့သည် ငယ်ရွယ်စဉ်ကပင် ပညာကို အပတ်တကုတ် သင်ယူကြမှသာ အခြားသူများနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပါသည်။ ယခင်က ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဟု မိဘများ၊ လူကြီးသူမများက ဆိုဆုံးမကြပါသည်။ ကျွန်မတို့ခေတ်တွင် ပညာရှာရန် ပထမအရွယ်တစ်ခုတည်းနှင့် မလုံလောက်နိုင်တော့ပါ။ အရွယ် သုံးပါးစလုံးတွင် ပညာရှာရမည့် အခြေအနေဖြစ်နေပါပြီ။ ပညာရှာ အိုသည်မရှိဟု ဆိုရပါလိမ့်မည်။

ယခင်က ပညာလေ့လာသင်ယူခြင်းသည် တစ်နှစ်တစ်တန်း ထူးချွန်စွာ အောင်မြင်ရန်အတွက်ဟုသာ ထင်မြင်မိခဲ့ပါသည်။ တစ်နှစ်တစ်တန်း ထူးချွန်ထက်မြက်စွာအောင်မြင်ရေးသည် ကျောင်းသားတစ်ဦးချင်းစီ၏ဘဝအတွက် အရေးပါသည်မှာ မှန်ပါသည်။ သို့သော်လည်း တဖြည်းဖြည်း အတန်းများမြင့်လာသည့်အချိန်တွင် ကျွန်မတို့ ပညာသင်ယူကြသည်မှာ စာတတ်ရုံ တစ်ခုတည်းအတွက်သာမဟုတ်ကြောင်း နားလည်လာပါသည်။ အတန်းပြီးဆုံးရန်အပြင် ပညာ၏ အရသာအသွေးများ ပြည့်ဝရန်လည်းလိုပါသည်။ အတန်းလည်း အောင်ရမည်၊ ပညာလည်း တတ်ရပါမည်။ စဉ်ဆက်မပြတ်လည်း လေ့လာသင်ယူနေရန်အတွက်လည်း အခြေခံကောင်းများ ပြုစုပျိုးထောင်ကြရပါမည်။

အချို့ဆိုလျှင် ကျောင်းပြင်ပ၌ ပညာရှာနေကြသည်ကို တွေ့ဖူးပါသည်။ တိုးတက်လိုသောသူတို့၏စိတ်ကို အားကျမိပါသည်။ ကျွန်မတို့ကြီးပြင်းလာရသည့် ခေတ်အခြေအနေသည် အပြိုင်အဆိုင် တိုးတက်နေသည့်ခေတ် ဖြစ်ပါသည်။ တိုးတက်မှုဆိုသည်မှာလည်း ပညာကိုအခြေခံမှသာ စဉ်ဆက်မပြတ် တိုးတက်မှုရရှိနိုင်ပါသည်။ သို့ဖြစ်သည့်အတွက် ပညာရေး၌ တိုးတက်မြင့်မားရန် အပြိုင်အဆိုင် ကြိုးပမ်းနေကြပါသည်။

ထိုသို့ အပြိုင်အဆိုင်ကြိုးပမ်းနေကြချိန်တွင် ကျွန်မတို့သည် အတန်းတင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ရေးအတွက်သာ ကြိုးပမ်းနေရုံဖြင့် မလုံလောက်နိုင်ဟု ထင်ပါသည်။ တက္ကသိုလ်များ၌ အဆင့်မြင့်ပညာများ သင်ယူမှုပြီးဆုံးသွားသည့်တိုင် လေ့လာသင်ယူမှုများ ပြီးဆုံးသေးမည်မဟုတ်ပါ။ ဘဝတစ်လျှောက် လေ့လာသင်ယူမှုများ ဆက်လက်လုပ်ဆောင်ကြရပါဦးမည်။ စဉ်ဆက်မပြတ် လေ့လာသင်ယူရမှုကို စာဖတ်ခြင်းဖြင့် ထိရောက်စွာ အထောက်အကူပေးနိုင်ပါသည်။ သို့ဖြစ်သည့်အတွက် ငယ်ရွယ်စဉ်ကျောင်းသားဘဝ၌ပင် စာဖတ်ခြင်းအလေ့အထ ပြုစုပျိုးထောင်ထားခြင်းဖြင့် ကျွန်မတို့၏အနာဂတ်ကို လှပစေနိုင်မည် ဖြစ်ပါသည်။ ။



တောင်တွင်းကြီးမြို့နယ်၌ အပူရှောင်စခန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

အပူရှိန်လျှော့ချနိုင်ရန် ပန့်ရေများတပ်ဆင်၍ ရေဖျန်းခြင်း၊ မီးကြိုးများ သွယ်တန်းခြင်း၊ တစ်ဦးချင်း သက်သောင့်သက်သာ နားနေလဲလျောင်းနိုင်ရန်အတွက် ခုတင်များ ညီညာစွာထားရှိခြင်း၊ အပူရှောင်လာရောက်ကြသည့် ဒေသခံပြည်သူများ ထားသိုသိမ်းဆည်းနိုင်ရန် ခုံများထားရှိခြင်း၊ ကျိုးပဲ့သစ်ကိုင်းများ ခုတ်ခြင်း၊ သွပ်မိုးအပေါက်ငယ်များ ဖာထေးခြင်းနှင့် သွပ်အစားထိုးပြုပြင်ခြင်း စသည်တို့ကို ဧပြီ ၂၉ ရက်မှစတင်၍ အပူရှောင်စခန်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရန်နောင်စိုး(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၂**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။

❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။

❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။

❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။

❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။

❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။

❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါဇေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။

❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။

❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။

❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။

❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# ၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ ၂၇၈ ဦး၊ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ ၂၇၇ ဦးနှင့် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ ၂၇၇ ဦးရှိ

**နေပြည်တော် မေ ၂**

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့်အတူ သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေလျက်ရှိသည်။

အဆိုပါ ၂၀၂၄ ခုနှစ် အထူးအစီအစဉ် တစ်ရပ်အနေဖြင့်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဧပြီ ၂၉ ရက်မှ မေ ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းရှိ စာစစ်ဌာန ၁၂ ခု၌ ကျင်းပလျက်ရှိရာ ဧပြီ ၂၉ ရက်တွင် မြန်မာစာဘာသာရပ်ကိုလည်းကောင်း၊ ဧပြီ ၃၀ ရက်တွင် အင်္ဂလိပ်စာဘာသာရပ်ကို လည်းကောင်း၊ မေ ၂ ရက်တွင် သင်္ချာဘာသာရပ်ကို လည်းကောင်း အောင်မြင်ချောမွေ့စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၅၃၅ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၇၈ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၅၁ ဒသမ ၉၆ ရာခိုင်နှုန်း၊ အင်္ဂလိပ်စာဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၅၃၅ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၇၇ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၅၁ ဒသမ ၇၈ ရာခိုင်နှုန်းနှင့် သင်္ချာဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၅၃၅ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၇၇ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၅၁ ဒသမ ၇၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**အခြေခံပညာဦးစီးဌာန**

**၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ်- မြန်မာစာ

ရက်စွဲ၊ ၂၉-၄-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၀ | ၃ | ၃ | ၄ | ၀ | ၄ | ၄၂.၈၆% | ၅၇.၁၄% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၈ | ၃၁ | ၄၉ | ၁၀ | ၂၄ | ၃၄ | ၈ | ၇ | ၁၅ | ၆၉.၃၉% | ၃၀.၆၁% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၆ | ၇ | ၁၃ | ၃ | ၂ | ၅ | ၃ | ၅ | ၈ | ၃၈.၄၆% | ၆၁.၅၄% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | | ၃ | ၃ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၂၇ | ၃၇ | ၆၄ | ၁၇ | ၂၅ | ၄၂ | ၁၀ | ၁၂ | ၂၂ | ၆၅.၆၃% | ၃၄.၃၈% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၂၈ | ၂၀၄ | ၃၃၂ | ၄၆ | ၈၃ | ၁၂၉ | ၈၂ | ၁၂၁ | ၂၀၃ | ၃၈.၈၆% | ၆၁.၁၄% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၅ | ၈ | ၃ | ၅ | ၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁၆ | ၃၅ | ၅၁ | ၁၃ | ၃၃ | ၄၆ | ၃ | ၂ | ၅ | ၉၀.၂၀% | ၉.၈၀% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၂ | ၁၂ | ၁၂ | ၂၀၄ | ၃၃၁ | ၅၃၅ | ၉၄ | ၁၈၄ | ၂၇၈ | ၁၁၀ | ၁၄၇ | ၂၅၇ | ၅၁.၉၆% | ၄၈.၀၄% | |

**အခြေခံပညာဦးစီးဌာန**

**၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ်- အင်္ဂလိပ်စာ

ရက်စွဲ၊ ၃၀-၄-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၀ | ၃ | ၃ | ၄ | ၀ | ၄ | ၄၂.၈၆% | ၅၇.၁၄% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၈ | ၃၁ | ၄၉ | ၁၀ | ၂၄ | ၃၄ | ၈ | ၇ | ၁၅ | ၆၉.၃၉% | ၃၀.၆၁% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၆ | ၇ | ၁၃ | ၃ | ၂ | ၅ | ၃ | ၅ | ၈ | ၃၈.၄၆% | ၆၁.၅၄% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | | ၃ | ၃ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၂၇ | ၃၇ | ၆၄ | ၁၇ | ၂၄ | ၄၁ | ၁၀ | ၁၃ | ၂၃ | ၆၄.၀၆% | ၃၅.၉၄% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၂၈ | ၂၀၄ | ၃၃၂ | ၄၆ | ၈၃ | ၁၂၉ | ၈၂ | ၁၂၁ | ၂၀၃ | ၃၈.၈၆% | ၆၁.၁၄% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၅ | ၈ | ၃ | ၅ | ၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁၆ | ၃၅ | ၅၁ | ၁၃ | ၃၃ | ၄၆ | ၃ | ၂ | ၅ | ၉၀.၂၀% | ၉.၈၀% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၂ | ၁၂ | ၁၂ | ၂၀၄ | ၃၃၁ | ၅၃၅ | ၉၄ | ၁၈၃ | ၂၇၇ | ၁၁၀ | ၁၄၈ | ၂၅၈ | ၅၁.၇၈% | ၄၈.၂၂% | |

စာမျက်နှာ ၉ သို့ »»

»»» စာမျက်နှာ ၈ မှ

အခြေခံပညာဦးစီးဌာန

၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- သင်္ချာ ရက်စွဲ၊ ၂-၅-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၀ | ၃ | ၃ | ၄ | ၀ | ၄ | ၄၂.၈၆% | ၅၇.၁၄% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၈ | ၃၁ | ၄၉ | ၁၀ | ၂၄ | ၃၄ | ၈ | ၇ | ၁၅ | ၆၉.၃၉% | ၃၀.၆၁% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၆ | ၇ | ၁၃ | ၃ | ၂ | ၅ | ၃ | ၅ | ၈ | ၃၈.၄၆% | ၆၁.၅၄% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | ၀ | ၃ | ၃ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၂၇ | ၃၇ | ၆၄ | ၁၇ | ၂၄ | ၄၁ | ၁၀ | ၁၃ | ၂၃ | ၆၄.၀၆% | ၃၅.၉၄% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၂၈ | ၂၀၄ | ၃၃၂ | ၄၆ | ၈၃ | ၁၂၉ | ၈၂ | ၁၂၁ | ၂၀၃ | ၃၈.၈၆% | ၆၁.၁၄% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၅ | ၈ | ၃ | ၅ | ၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁၆ | ၃၅ | ၅၁ | ၁၃ | ၃၃ | ၄၆ | ၃ | ၂ | ၅ | ၉၀.၂၀% | ၉.၈၀% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| စုစုပေါင်း | | ၁၂ | ၁၂ | ၁၂ | ၂၀၄ | ၃၃၀ | ၅၃၅ | ၉၄ | ၁၈၃ | ၂၇၇ | ၁၁၀ | ၁၄၈ | ၂၅၈ | ၅၁.၇၈% | ၄၈.၂၂% | |

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် MSMEs လုပ်ငန်းများ၊ ဒေသထွက်ကုန်များ၊ စားသောက်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော် ဒုတိယနေ့ ပြသရောင်းချနေမှုများ ကြည့်ရှု

**ပုသိမ် မေ ၂**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများ တက်ရောက်ကြသည်။

**ဖတ်ကြား**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနား Video Clips ပြသမှုကို ကြည့်ရှုအားပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ စက်မှုလယ်ယာဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ နည်းပညာတက္ကသိုလ်၊ စက်မှုဇုန်များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြသည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အထိမ်းအမှတ် MSMEs လုပ်ငန်းများ၊ ဒေသထွက်ကုန်များ၊ စားသောက်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော် ဒုတိယနေ့ ပြသရောင်းချနေမှုများကို ဌာနဆိုင်ရာများနှင့် ပြည်သူများက လာရောက်လေ့လာဝယ်ယူနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဌာနဆိုင်ရာများနှင့် ပြည်သူများသည် တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ရှစ်ခရိုင်မှ ပြသထားသည့် MSMEs လုပ်ငန်းများ၊ ဒေသထွက်ကုန်များ၊ စက်မှုထုတ်ကုန်များ၊ မွေးမြူရေးလုပ်ငန်းများ၊ Gasifier၊ ဆားလုပ်ငန်းများ၊ စားသောက်ကုန်များ အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေး ဝယ်ယူခဲ့ကြကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး၏ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အထိမ်းအမှတ် MSMEs လုပ်ငန်းများ၊ ဒေသထွက်ကုန်များ၊ စားသောက်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော်ကို အများပြည်သူများ လေ့လာနိုင်ရေးအတွက် ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ ပြသရောင်းချခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

**သီပေါ မေ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြည်သီလာခန်းမ၌ ယနေ့နံနက် ၈ နာရီက ယဉ်ကျေးလိမ္မာသင်တန်းစတင်ဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ရယ်ရွယ်ဖွင့်လှစ်**



အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းတွင် မြို့နယ်ပညာရေးမှူး ဦးထိန်လင်းက ကျောင်းသားကျောင်းသူ ကလေးငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်၊ ဘာသာတရားနှင့်တကွ ယဉ်ကျေးသိမ်မွေ့သော လူ့ကျင့်ဝတ်များကို နားလည်ကျင့်သုံးတတ်လာစေရန်၊ လိမ္မာယဉ်ကျေးသော နိုင်ငံ့သားကောင်း သမီးကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ဗုဒ္ဓဝင်အကျဉ်း၊ ဘုရားရှိခိုးအမျိုးမျိုး၊ လောကနီတိ၊ ကျင့်ဝတ်များ၊ (၃၈)ဖြာမင်္ဂလာနှင့် ဆုံးမစာများ စသည်တို့ကို သင်ကြားပို့ချဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမများက သင်တန်းကို ဘာသာရပ်အလိုက် ပို့ချကြပြီး သင်တန်းကာလမှာ မေ ၂ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ခုနစ်ရက်ကြာ သင်တန်းနည်းပြ ခြောက်ဦးတို့က သင်ကြားပြသဖွင့်လှစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၀၁ ဦးခန့် တက်ရောက်လျက်ရှိကြောင်း သိရသည်။

၂၁၀

ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသွင်ပြောင်း
ဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

# နွေရာသီအပူဒဏ်ကာကွယ်နိုင်ဖို့ ဒေသမျိုးရင်းသစ်မျိုးများ စိုက်ပျိုးကြပါစို့

သစ်တောမောင်

### အပူချိန်မြင့်မားလာခြင်း

ယခုအခါ ကမ္ဘာနှင့်အဝှမ်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ကြုံတွေ့ရလျက်ရှိသည်။ အပူချိန်မြင့်မားလွန်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးများခြင်း၊ မိုးခေါင်ခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များကို ရင်ဆိုင်ရလျက်ရှိပါသည်။ နေ့အပူချိန်မြင့်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း (Ultra-Violet Index) မြင့်မားခြင်း၊ အပူဒဏ် (Heat Stress) ခံစားရခြင်း၊ လူ၏ခံနိုင်သောအပူချိန်ကို ကျော်လွန်သည့် အပူဒဏ် (High Heat Index) ခံစားရခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ အပူချိန်မြင့်မားလွန်းခြင်းကြောင့် သတိလစ်ခြင်းမှသည် အသက်သေဆုံးသည်အထိ အန္တရာယ်ကြီးပါသည်။

ထို့ပြင် အပူချိန်မြင့်တက်လာခြင်းနှင့်အတူ နောက်ဆက်တွဲ အကျိုးဆက်များဖြစ်သော မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေတွင်း ရေကန်များတွင် ရေများလျော့နည်းလာခြင်း၊ ရေခန်းခြောက်ခြင်း၊ သောက်ရေ၊ သုံးရေရှားပါးမှုပြဿနာများ ကြုံတွေ့ရခြင်း၊ ပူပြင်းခြောက်သွေ့သဖြင့် မီးလောင်ကျွမ်းမှုများဖြစ်ပွားခြင်း၊ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးခြင်းနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေခြင်း စသည့်အကျိုးဆက်များကိုပါ ခံစားကြရပါသည်။

မြန်မာနိုင်ငံတွင်လည်း တစ်နှစ်ပြီးတစ်နှစ် အပူစံညွှန်းကိန်းကိုကျော်လွန်ကာ ပိုမိုပူပြင်းလာလျက်ရှိပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ အပူပိုင်းဇုန်အတွင်းကျရောက်သော မြို့နယ်များသည် မိုးရေချိန် လက်မ ၄၀ အောက်သာရရှိပြီး တချို့နှစ်များတွင် အပူချိန် ၄၇ ဒီဂရီဆဲလ်ဆီးယပ်အထိ မြင့်မားလာလျက်ရှိကာ ခြောက်သွေ့ကာလမှာလည်း နိုဝင်ဘာလမှ မေလအထိတိုင် ကြာရှည်လာသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်အတွင်းကျရောက်သော မြို့နယ်များသည် မြေတိုက်စားမှုများပြီး အပေါ်ယံမြေဆီလွှာကုန်ခန်းကာ အပင်များသဘာဝမျိုးဆက်ရန်ပင် ခက်ခဲလှပါသည်။ သစ်ပင်သစ်တောများ နည်းပါးခြင်းကြောင့် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးပြီး သဲကန္တာရဖြစ်ထွန်းနိုင်သည့် အခြေအနေများ (desert-like formation) ကို တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification-UNCCD) အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး နိုင်ငံအဆင့် သဲကန္တာရတိုက်ဖျက်ရေးစီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ရေး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

### ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ခြင်း

အပူချိန်မြင့်မားခြင်းအပါအဝင် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် အဓိကလုပ်ငန်းစဉ် နှစ်ရပ်ကို မျှတစွာဆောင်ရွက်မှသာ ရာသီဥတုပြောင်းလဲမှုကို ထိရောက်စွာ တုံ့ပြန်နိုင်မည်ဖြစ်ပြီး အကျိုးဆက်များကို လျှော့ချနိုင်မည်၊



မန်ကျည်းပင်

ကျော်လွှားနိုင်မည် ဖြစ်ပါသည်။ ပထမလုပ်ငန်းစဉ်တစ်ရပ်မှာ ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်း (Mitigation) ဖြစ်ပြီး ဒုတိယလုပ်ငန်းစဉ်တစ်ရပ်မှာ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ဆောင်ရွက်ခြင်း (Adaptation) ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်း (Mitigation) ဆိုသည်မှာ ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ (Greenhouse Gas-GHGs)များ လေထုအတွင်းသို့ ထုတ်လွှတ်မှုလျှော့ချခြင်း၊ လေထုထဲမှ ဖန်လုံအိမ်ဓာတ်ငွေ့များကိုဖယ်ရှားခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းဖြစ်သည်။ ဥပမာသစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းစသည့် သစ်တောကဏ္ဍလုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍတွင် Climate Smart Agriculture လုပ်ငန်းများ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုစသည့် လုပ်ငန်းကဏ္ဍအသီးသီးတွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချသည့်လုပ်ငန်းများစသည်တို့ပါဝင်သည်။

ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ဆောင်ရွက်ခြင်း (Adaptation) ဆိုသည်မှာ ပြောင်းလဲလာသော အပူချိန်၊ မိုးရေချိန်၊ မိုးရွာသွန်းမှုပုံစံတို့နှင့် သဟဇာတမျှတစွာ လိုက်လျောညီထွေ ပြောင်းလဲလုပ်ကိုင်နေထိုင်ဆောင်ရွက်ခြင်းကိုဆိုလိုသည်။ ဥပမာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေး၊ သစ်တော၊ ကျန်းမာရေး၊ မွေးမြူရေး၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ ရေအရင်းအမြစ် စသည့်လုပ်ငန်းနယ်ပယ်အသီးသီးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုများ၊ ဆုံးရှုံးမှုများ လျော့ပါးသက်သာစေရေးအတွက် ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ သဟဇာတမျှတစွာ၊ လိုက်လျောညီထွေရှိစွာ ပြင်ဆင်ခြင်း၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။ ရာသီဥတုပြောင်းလဲမှုကို ချက်ချင်းလျှော့ချရန် မဖြစ်နိုင်သဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိနေစေရေး ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ လိုက်လျောညီထွေရှိစေရေးအတွက် လုပ်ငန်းကဏ္ဍအသီးသီးတွင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နိုင်သည်၊ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဆောင်ရွက်နိုင်သည့် နည်းလမ်းအမျိုးမျိုးအနက် သစ်တောများထိန်းသိမ်းခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်းသည် အလွန်ထိရောက်သော၊ ကုန်ကျစရိတ် သက်သာသော၊ လူတိုင်းလူတိုင်း အလွယ်တကူ ဆောင်ရွက်နိုင်သော၊ ချက်ချင်းဆောင်ရွက်နိုင်သော၊ နေရာမရွေးဆောင်ရွက်နိုင်သော လုပ်ငန်းတစ်ခုဖြစ်ပြီး သဘာဝကို အခြေခံသော ဖြေရှင်းခြင်းနည်းလမ်း (Nature-based Solution) တစ်ရပ်လည်း ဖြစ်ပါသည်။

### အပူပိုင်းဒေသ ဒေသမျိုးရင်းသစ်မျိုးများ

အပူပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ပြီး မိုးရေချိန်နည်းပါးကာ မြေတိုက်စားမှုများကြောင့် အပေါ်ယံမြေဆီလွှာ နည်းပါးသဖြင့် အပင်များသဘာဝမျိုးဆက်ရန်ပင် ခက်ခဲလှသလို ရှင်သန်အောင်မြင်စေရန် စိုက်ပျိုးရန်လည်း ခက်ခဲပါသည်။ အထူးသဖြင့် အပူပိုင်းဒေသ၏ ရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီမှုမရှိသည့် အပင်မျိုးစိတ်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်ရန် အလွန်ခက်ခဲပါသည်။ ထို့ကြောင့် ယခင်က အပူပိုင်းဒေသတွင် ရှင်သန်နိုင်သည့် ယူကလစ် သစ်မျိုးများကိုသာ အများဆုံးစိုက်ပျိုးခဲ့ကြပါသည်။ ယူကလစ်သစ်မျိုးသည် ရှင်သန်အောင်မြင်မှု ကောင်းသော်လည်း ဇီဝမျိုးစုံမျိုးကွဲတိုးပွားစေခြင်းအပါအဝင် ပတ်ဝန်းကျင်ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများပံ့ပိုးနိုင်မှုရှုထောင့်မှ နှိုင်းယှဉ်ကြည့်ပါက ဒေသမျိုးရင်းသစ်မျိုးများက ပိုမိုစွမ်းဆောင်နိုင်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ထို့ကြောင့် ယခုအခါ အပူပိုင်းဒေသတွင် ရှင်သန်အောင်မြင်နိုင်သည့် ဒေသမျိုးရင်း သစ်မျိုးများဖြစ်သော တမာ၊ ထနောင်း၊ မန်ကျည်း၊ မြန်မာကုက္ကို၊ မြန်မာရှား၊ ဒဟတ်၊ သခွတ်၊ မဲဇလီ၊ မယ်ဇယ်၊ စန္ဒကူး၊ ဖျောက်ဆိပ် စသည့် ဒေသမျိုးရင်းသစ်မျိုးများကို ပျိုးထောင် စိုက်ပျိုးလာလျက်ရှိပါသည်။ အဆိုပါ ဒေသမျိုးရင်း သစ်မျိုးများသည် နွေအပူဒဏ်ခံနိုင်၍ အရိပ်အာဝါသပေးစွမ်းနိုင်ရုံသာမက အသီး၊ အပွင့်၊ အညွှန့်၊ အရွက်၊ အခေါက်တို့ကိုလည်း ချက်ပြုတ်စားသုံးနိုင်သကဲ့သို့ ဆေးဖက်ဝင်အဖြစ်လည်း အသုံးပြုနိုင်သည့် အကျိုးကျေးဇူးများ ပံ့ပိုးပေးပါသည်။ ထို့ကြောင့် မိမိအိမ်ပတ်ဝန်းကျင်၊ မြို့နယ်၊ ကျေးရွာလမ်းဘေး ဝဲ၊ ယာ၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများ အနီးပတ်ဝန်းကျင်တွင် အဆိုပါ ဒေသမျိုးရင်းသစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးထားမည်ဆိုလျှင် နွေရာသီအပူဒဏ်ကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

### အပူပိုင်းဒေသ ဒေသမျိုးရင်းသစ်မျိုးများ၏ ဘက်စုံအသုံးဝင်မှုများ

**"နွေထနောင်း၊ ဆောင်း မန်ကျည်း"** ဟူသော စကားသည် မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်အတွင်း ကျရောက်သော ဒေသခံပြည်သူများ အမြဲသုံးနှုန်းသော စကားဖြစ်ပါသည်။ ထနောင်းပင်နှင့် မန်ကျည်းပင်များအပါအဝင် အပူပိုင်းဒေသ ဒေသမျိုးရင်းအပင်မျိုးများသည် အပူပိုင်းဒေသ၏ ရေ၊ မြေ၊ ရာသီဥတုဒဏ်ကိုခံနိုင်ပြီး ကောင်းမွန်စွာရှင်သန်ကြီးထွားနိုင်သဖြင့် အပူပိုင်းဒေသ၊ မြေလတ်နှင့် အညာဒေသတွင် ထနောင်းနှင့် မန်ကျည်းပင်များကို အလေးထားစိုက်ပျိုးကြသလို သဘာဝအလျောက် ပေါက်ရောက်နေသော အပင်များကိုလည်း အစဉ်အဆက်ထိန်းသိမ်းလာကြပါသည်။

**မန်ကျည်း (Tamarindus indica L.)** အင်္ဂလိပ်အမည်သည် Tamarind ဖြစ်သည်။ မူရင်းဒေသမှာ အာရှနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် အများအပြားပေါက်ရောက်ပြီး အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် သဘာဝအလျောက် ပေါက်ရောက်ပါသည်။ အပူပိုင်းဒေသခြောက်သွေ့တောနှင့် ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်ပါသည်။ အမြဲစိမ်းအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၄၅ မှ ၇၅ ပေအထိ မြင့်သည်။ ပင်စည်သည် တောင့်တင်းခိုင်မာ၍ သက်တမ်းကြာရှည်သောအပင်မျိုးဖြစ်သည်။ မြန်မာလူမျိုးများသည် မန်ကျည်းပင် တစ်ပင်လုံးကို အသုံးပြုကြပါသည်။ ပဲမျိုးရင်းဝင်အပင်မျိုးဖြစ်ပြီး နိုက်ထရိုဂျင်ဓာတ်ကြွယ်ဝခြင်း၊ မြေဆီလွှာကိုထိန်းသိမ်းကာကွယ်ခြင်းတို့ကြောင့် မြေဆီလွှာထိန်းအပင်အဖြစ်လည်းကောင်း၊ နေ့စဉ်စားသုံးသည့် အစားအစာအာဟာရအတွက်လည်းကောင်း၊ မြန်မာ့ရိုးရာတိုင်းရင်းဆေးများတွင် ဆေးဖက်ဝင်အဖြစ်လည်းကောင်း အသုံးပြုကြသည့်အပင်ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ◆

**"သစ်ပင် သစ်တောများ နည်းပါးခြင်းကြောင့် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးပြီး သဲကန္တာရဖြစ်ထွန်းနိုင်သည့် အခြေအနေများကို တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး နိုင်ငံအဆင့် သဲကန္တာရတိုက်ဖျက်ရေး စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ရေး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ"**

“လက်ရှိရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှု၊ အပူချိန်တိုးမြင့်လာမှုနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို တုံ့ပြန်ဖြေရှင်းနိုင်ရန် သဘာဝကိုအခြေခံသော နည်းလမ်း (Nature-based Solution) တစ်ခုဖြစ်သည့် သစ်ပင်စိုက်ပျိုးရန် နည်းလမ်းသည် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သဖြင့် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြဒေသအလိုက် သစ်ပင်များစိုက်ပျိုးခြင်း၊ ကျေးရွာချင်းဆက်လမ်းဘေး၊ ကားလမ်းဘေး၊ ရထားလမ်းဘေး၊ မြစ်၊ ချောင်းဘေး၊ တောင်ထိပ်များနှင့် ရေဝေရေလဲဒေသများတွင် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းပြီး ဂေဟစနစ်ကို ပြန်လည်တည်ထောင်ကြရမည်ဖြစ်”



မဲဇလီ



ထနောင်းပင်

◆ စာမျက်နှာ ၁၀ မှ

**ထနောင်း (Vachellia leucophloea Maslin, Seigler & Ebinger)** အင်္ဂလိပ်အမည်သည် White-barked acacia ဖြစ်ပါသည်။ မူရင်းဒေသမှာ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံများဖြစ်ကြပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပေါက်ရောက်သည်။ အပူပိုင်းခြောက်သွေ့တောတွင် ပေါက်ရောက်သည်။ ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၄၀ မှ ၆၀ အထိ မြင့်သည်။ သက်တမ်း ၃၀ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ၂၅ ပေခန့် ရှိသည်။ ဒေသသုံးသစ်အဖြစ် အသုံးပြုခြင်း၊ အခေါက်ကိုဆိုးဆေး၊ သားရေနယ်ပစ္စည်းအဖြစ်လည်းကောင်း၊ ဆေးဖက်ဝင်အဖြစ်လည်းကောင်း အသုံးပြုကြပါသည်။

**တမာ (Azadirachta indica A. Juss.)** အင်္ဂလိပ်အမည်သည် Neem၊ Margosa tree ဖြစ်သည်။ မူရင်းဒေသမှာ အိန္ဒိယနှင့် အာဖရိကနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများအပြား ပေါက်ရောက်သည်။ အပူပိုင်းဒေသ ခြောက်သွေ့တောနှင့် ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်သည်။ အမြဲစိမ်းအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၄၅ မှ ပေ ၆၀ အထိ မြင့်သည်။ တမာပင်တစ်ပင်လုံးသည်အသုံးဝင်ပါသည်။ အသီး၊ အခေါက်၊ အရွက်၊ အကိုင်းအခက်တို့ကို ဆေးဖက်ဝင်အဖြစ်လည်းကောင်း၊ တမာရွက်အနုကို အချဉ်တည်၍ တို့စရာအစားအစာအဖြစ်လည်းကောင်း၊ တမာသားကို ဒေသသုံးသစ်အဖြစ် အိမ်ရာဆောက်လုပ်ရာတွင်လည်းကောင်း၊ တမာစေ့မှ ထုတ်သောအဆီကို သဘာဝပိုးသတ်ဆေးအဖြစ် သီးနှံစိုက်ခင်းများ ပိုးမွှားကျရောက်သည့်အခါ ပက်ဖျန်းအသုံးပြုကြပါသည်။

**မြန်မာရှား (Senegalia catechu (L.f.) Hurter & Mabb.)** ၏ အင်္ဂလိပ်အမည်သည် Black Cutch၊ Cutch tree ဖြစ်ပါသည်။ မူရင်းဒေသမှာ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ပေါက်ရောက်သည်။ အပူပိုင်းဒေသ ခြောက်သွေ့တောတွင် ပေါက်ရောက်သည်။ ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၃၀ မှ ၄၅ ပေအထိ မြင့်သည်။ ရှားပင်၏ အခေါက်မှထွက်သော ရှားစေးကို ဆေးဖက်ဝင်အဖြစ်လည်းကောင်း၊ ဆိုးဆေး၊ သားရေနယ် ပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုကြသည်။ ထင်းလောင်စာအဖြစ်လည်းကောင်း၊ လယ်ယာသုံးပစ္စည်းပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုကြပါသည်။

**မြန်မာကုက္ကို (ခေါ်) အညာကုက္ကို (Albizia lebbeck (L.) Benth.)** ၏ အင်္ဂလိပ်အမည်သည် Frywood၊ East Indian Walnut၊ Woman’s tongue tree ဖြစ်ပါသည်။ မူရင်းဒေသမှာ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒေသမျိုးရင်းသစ်မျိုးဖြစ်သည့်အတွက် နေရာအနှံ့အပြားနှင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများတွင် သဘာဝအလျောက် ပေါက်ရောက်သည်။ အပူပိုင်းဒေသခြောက်သွေ့တောနှင့် ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်သည်။ ကြီးမြန် ရွက်ကြွေအပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ ၅၀ မှ ၁၀၀ အထိ မြင့်သည်။ ပဲမျိုးရင်းဝင်အပင်မျိုးဖြစ်ပြီး နိုက်ထရိုဂျင်ဓာတ်ကြွယ်ဝခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းကာကွယ်ခြင်းတို့ကြောင့် မြေဆီလွှာထိန်းအပင်အဖြစ်လည်းကောင်း၊ နွေဦးပေါက်ရာသီ ရွက်နုထွက်ချိန်တွင် ကုက္ကိုရွက်သုပ်ကို အစားအစာအာဟာရအတွက်လည်းကောင်း၊ အရွက်၊ အစေ့၊ အပွင့်၊ အခေါက်တို့ကို ဆေးဖက်ဝင်အဖြစ်လည်းကောင်းအသုံးပြုကြသည်။ ကုက္ကိုသားကို လယ်ယာသုံးပစ္စည်းများ၊ ပရိဘောဂများ၊ ပန်းပုထုလုပ်ခြင်း စသည်တို့တွင် အသုံးပြုကြပါသည်။ ထင်း၊ မီးသွေးလောင်စာအဖြစ်လည်း အသုံးပြုကြသည်။

**ဒဟတ် (Tectona hamiltoniana Wall.)** ၏ အင်္ဂလိပ်အမည်သည် Dahat Teak ဖြစ်ပါသည်။ မူရင်းဒေသမှာ မြန်မာ၊ မလေးရှားတို့ဖြစ်ပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပေါက်ရောက်သည်။ အပူပိုင်းဒေသ ခြောက်သွေ့တောများတွင် ပေါက်ရောက်သည်။ ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၄၀ မှ ၆၀ အထိ မြင့်သည်။ ဒေသတွင်းလယ်ယာသုံးပစ္စည်းအဖြစ်လည်းကောင်း၊ ထင်း၊ မီးသွေးအဖြစ်လည်းကောင်း အသုံးပြုကြပါသည်။

**သခွတ် (Dolichandrone serrulata Seem.)** ၏ အင်္ဂလိပ်အမည်သည် Mangrove Trumpet tree ဖြစ်ပါသည်။ မူရင်းဒေသမှာ အိန္ဒိယ၊ ဘူတန်၊ မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအပြား ပေါက်ရောက်သည်။ အပူပိုင်းဒေသခြောက်သွေ့တောနှင့် ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်သည်။ ရွက်ကြွေအပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ ၄၀ မှ ၆၀ အထိ မြင့်သည်။ အပွင့်ကိုစားသုံးကြပါသည်။ ဆေးဖက်ဝင်အဖြစ်လည်း အသုံးပြုကြသည်။

**မဲဇလီ (Senna siamea Irwin et Barneby)** ၏ အင်္ဂလိပ်အမည်သည် Pheasant wood ဖြစ်ပါသည်။ မူရင်းဒေသမှာ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများအပြား ပေါက်ရောက်သည်။ အပူပိုင်းဒေသခြောက်သွေ့တောနှင့် ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်သည်။ အမြဲစိမ်းအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၃၆ မှ ၄၅ ပေအထိ မြင့်သည်။ ကြီးမြန်သစ်ပင်မျိုးဖြစ်ပြီး နိုက်ထရိုဂျင်ဓာတ်ကြွယ်ဝခြင်း၊ မြေဆီလွှာကိုထိန်းသိမ်းကာကွယ်ခြင်းတို့ကြောင့် မြေဆီလွှာထိန်းအဖြစ်လည်းကောင်း၊ ထင်းလောင်စာသုံးအပင်အဖြစ် လည်းကောင်း၊ လမ်းဘေးဝဲ၊ယာ အလှစိုက်ပင်အဖြစ်လည်းကောင်း၊ ဆေးဖက်ဝင်အပင်အဖြစ်လည်းကောင်း စိုက်ပျိုးအသုံးပြုကြသည်။

**ဖျောက်ဆိပ် (Holoptelea integrifolia (Roxb.) Planch.)** ၏ အင်္ဂလိပ်အမည်သည် Indian Elm, Jungle cork tree ဖြစ်ပါသည်။ မူရင်းဒေသမှာ အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့ဖြစ်ကြပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပေါက်ရောက်သည်။ အပူပိုင်းခြောက်သွေ့တောနှင့် ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်သည်။ ရွက်ကြွေအပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ ၆၀ မှ ၈၀ အထိ မြင့်သည်။ ဖျောက်ဆိပ်သားကို ပရိဘောဂပြုလုပ်ခြင်း၊ ထင်းလောင်စာအဖြစ်လည်းကောင်း၊ အရွက်၊ အပွင့်၊ အခေါက်တို့ကို ဆေးဖက်ဝင်အဖြစ်လည်းကောင်း အသုံးပြုကြသည်။

**မယ်ဇယ် (Madhuca longifolia (Koen.) Macbride)** ၏ အင်္ဂလိပ်အမည်သည် Mahua, Mowra-butter tree ဖြစ်ပါသည်။ မူရင်းဒေသမှာ သီရိလင်္ကာ၊ မြန်မာ၊ အိန္ဒိယ၊ နီပေါနိုင်ငံတို့ ဖြစ်ကြပြီး မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပေါက်ရောက်သည်။ အပူပိုင်းဒေသ ရွက်ကြွေတောတွင် ပေါက်ရောက်သည်။ အမြဲစိမ်းအပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ ၄၀ မှ ၆၀ အထိ မြင့်သည်။ အစေ့မှထုတ်သောအဆီကို ထောပတ်ဆီကဲ့သို့ စားသုံးရာတွင်လည်းကောင်း၊ လောင်စာဆီအဖြစ်လည်းကောင်း၊ အဆီထုတ်ပြီးသော ကြိတ်ဖတ်များကို စိုက်ခင်းများအတွက် သဘာဝမြေသြဇာအဖြစ်လည်းကောင်း အသုံးပြုကြသည်။ ပန်းပွင့်၊ အရွက်၊ အခေါက်တို့ကို ဆေးဖက်ဝင်အဖြစ် အသုံးပြုကြသည်။

**စန္ဒကူး (ခေါ်) နံ့သာဖြူ (Santalum album L.)** ၏ အင်္ဂလိပ်အမည်သည် Indian Sandalwood ဖြစ်ပါသည်။ မူရင်းဒေသမှာ သြစတြေးလျ၊ အိန္ဒိယတောင်ပိုင်းနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးပင်အဖြစ် နေရာအနှံ့အပြား စိုက်ပျိုးကြသော်လည်း အဓိကအားဖြင့် ပုပ္ပားဒေသ၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တို့တွင် အများအပြားစိုက်ပျိုးကြသည်။ ရွက်ပြတ်ရောနှောတောတွင် ပေါက်ရောက်သည်။ အမြဲစိမ်းအပင်လတ်မျိုးဖြစ်၍ အမြင့်ဆုံး အမြင့်ပေ ၅၄ ပေအထိ မြင့်နိုင်သော်လည်း ပေါက်ရောက်ရာနေရာအလိုက်ပြောင်းလဲနိုင်ပါသည်။ စန္ဒကူးသားကို ပုတီး၊ သေတ္တာ၊ ယပ်တောင်၊ ပန်းပု၊ ရုပ်ထုပြုလုပ်ခြင်း၊ အသားမှ နံ့သာဆီ (Essential Oil) ထွက်ရှိသဖြင့် အဆီကို ရေမွှေး၊ အမွှေးနံ့သာထုတ်လုပ်ခြင်းနှင့် အပင်၏အစိတ်အပိုင်းအသီးသီးကို တိုင်းရင်းဆေးများတွင် အသုံးပြုကြသည်။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန **သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန** တို့အနေဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ)၊ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း (၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ)၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ)များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ အပူပိုင်းဒေသအပါအဝင် ဂေဟစနစ်အမျိုးမျိုးရှိ တောနိမ့်၊ တောပျက်များတွင် စီးပွားရေးစိုက်ခင်းများ၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများ၊ တစ်ရွာနှစ်ဧက စိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများ၊

စာမျက်နှာ ၁၂ သို့ ◆

# ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်အထိမ်းအမှတ် ကလေးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအခမ်းအနား ကျင်းပ



သထုံ မေ ၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၄ ခုနှစ်) အထိမ်းအမှတ် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောက်ကျင်းရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံး၌ ကျင်းပသည်။

ကာကွယ်ဆေး ထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက သထုံမြို့ပေါ်ရှိ မွေးကင်းစမှ အသက် (၂)နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာကာကွယ်ဆေး ထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်သည်။

ကြည့်ရှုအားပေး

ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြည့်ရှုအားပေး၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒဂုံမြို့သစ်မြို့နယ် လမ်းများကောင်းမွန်ရေး ဒုတိယမြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



ရန်ကုန် မေ ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၅၉) ရပ်ကွက် အောင်သုခလမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၆) ရပ်ကွက် စိန်မြရံချယ် (၃) လမ်း ကွန်ကရစ်ခင်းခြင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၇) ရပ်ကွက် တပင်ရွှေထီးလမ်းမှ ရာဇဓိရာဇ်လမ်းအထိ အရှည်ပေ၂၅၀၀ လမ်းသားတိုးချဲ့ခင်းခြင်း နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၅)ရပ်ကွက် သဇင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့်လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# လေးမျက်နှာမြို့နယ်၌ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



လေးမျက်နှာ မေ ၂

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးဌာနက မေ ၅ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၇ နာရီတွင် လေးမျက်နှာမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ဓမ္မာရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်း ဦးဆောင်၍ သန္နွေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် ရှစ်ဦးတို့ဖြင့်ပူးပေါင်းပြီး ဓမ္မာရာမဘုန်းတော်ကြီးကျောင်းပရိဝုဏ်အတွင်းအပြင် ပေါင်းမြက်များအား ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ရဲနောင်

◆ စာမျက်နှာ ၁၁ မှ

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ၊ သီးနှံသစ်တောရောနှောစိုက်ခင်းများ၊ ဘက်စုံသုံးစိုက်ခင်းများ၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာများ တိုးမြှင့်သုံးစွဲခြင်းနှင့် ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အပူပိုင်းဒေသတောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အပူပိုင်းဂေဟစနစ်ပြန်လည်တည်ထောင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် အပူပိုင်းဒေသရှိ ကျေးရွာတိုင်းတွင် အနည်းဆုံး တစ်ရွာ နှစ်ဧက ထင်းစိုက်ခင်းများ၊ သစ်တောစိုက်ခင်းများ၊ တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်နိုင်ရေးနှင့် ဒေသမျိုးရင်းသစ်မျိုးများ အသုံးပြုစိုက်ပျိုးနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

## နွေရာသီအပူဒဏ်ကာကွယ်နိုင်ဖို့ ဒေသမျိုးရင်းသစ်မျိုးများ စိုက်ပျိုးကြပါစို့



တမာပင်



မြန်မာကုက္ကို (ခေါ်) အညာကုက္ကို

သစ်တောများမှ အထောက်အပံ့ပြုသော သစ်တောထွက်ပစ္စည်းအမျိုးမျိုးသာမက ငွေကြေးအားဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုးများကို အထူးအလေးထား၍ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်း (Mitigation)နှင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေခြင်း (Adaptation) အကျိုးကျေးဇူး နှစ်မျိုးစလုံးကို ရရှိစေနိုင်ပါသည်။ လက်ရှိရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှု၊ အပူချိန်တိုးမြင့်လာမှုနှင့် နောက်ဆက်တွဲအကျိုးဆက်များကို တုံ့ပြန်ဖြေရှင်းနိုင်ရန် **သဘာဝကိုအခြေခံသော နည်းလမ်း (Nature-based Solution)** တစ်ခုဖြစ်သည့် သစ်ပင်စိုက်ပျိုးရန် နည်းလမ်းသည် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သဖြင့် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြဒေသအလိုက် သစ်ပင်များစိုက်ပျိုးခြင်း၊ ကျေးရွာချင်းဆက်လမ်းဘေး၊ ကားလမ်းဘေး၊ ရထားလမ်းဘေး၊ မြစ်၊ ချောင်းဘေး၊ တောင်ထိပ်များနှင့် ရေဝေရေလဲဧရိယာများတွင် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းပြီး ဂေဟစနစ်ကို ပြန်လည်တည်ထောင်ကြရမည် ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၏ ပူပြင်းခြောက်သွေ့မှုနှင့် အပူချိန်မြင့်မားမှုများကို လျှော့ချရန်နှင့် တုံ့ပြန်ကာကွယ်နိုင်ရန်၊ စိမ်းလန်းစိုပြည်သော၊ ရာသီဥတုမျှတကောင်းမွန်သော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော ဒေသကြီးဖြစ်ပေါ်လာစေရန်အတွက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းတင်ပြအပ်ပါသည်။ ။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဂါဇာဒေသတွင် တိုက်ခိုက်မှုများ ရပ်တန့်ပေးရမည်ဟူသည့် အဆိုပြုချက်ကို လက်မခံဟု နေတန်ယာဟု ပြောကြား

ဂျေရုဆလင် မေ ၂

ဟားမတ်စ်အဖွဲ့က ဓားစာခံများ လွှတ်ပေးရေးအတွက် အပြန်အလှန်အားဖြင့် ဂါဇာဒေသတွင် တိုက်ခိုက်မှုများရပ်တန့်ပေးရမည်ဟူသည့်အဆိုပြုချက်ကို လက်မခံနိုင်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်အား ပြောကြားခဲ့သည်ဟု ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

နေတန်ယာဟု၏ အထက်ပါရပ်တည်ချက်သည် ဟားမတ်စ်အဖွဲ့က လိုလားသည့် ဂါဇာဒေသတွင်အပစ်အခတ်ရပ်စဲရေး အပြည့်အဝရရှိပါက အစ္စရေးဓားစာခံများအားလုံးကို ပြန်လွှတ်ပေးမည်ဆိုသည့် အဆိုပြုချက်အပေါ် ဆန့်ကျင်သည့်သဘောသက်ရောက်နေကြောင်း လေ့လာသူများက မှတ်ချက်ပြုပြောကြားသည်။

ယမန်နှစ်အတွင်းမှ စတင်၍ အစ္စရေးနှင့်ဟားမတ်စ်အဖွဲ့အကြား ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးနှင့် ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားသည့် ဓားစာခံများကို လွှတ်ပေးရေးစေ့စပ်ညှိနှိုင်းခဲ့ကြသည်။

နှစ်ဖက်အကြား စေ့စပ်ညှိနှိုင်းရာတွင် အီဂျစ်နှင့် အခြားနိုင်ငံများက ညှိနှိုင်းသူများအဖြစ် ဆောင်ရွက်သည်။

ဟားမတ်စ်အဖွဲ့က ဓားစာခံများလွှတ်ပေးသည့်အတွက် ရာဖာတွင် ထိုးစစ်ဆင်မှုရပ်ဆိုင်းမည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း နေတန်ယာဟုက ထပ်လောင်းပြောကြားသည်။ စေ့စပ်ညှိနှိုင်းမှု၏ ပထမအဆင့်အဖြစ် ဟားမတ်စ်အဖွဲ့က ဓားစာခံ ၃၃ ယောက်ကို လွှတ်ပေးရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် အစ္စရေးနိုင်ငံအတွင်းရှိ ပါလက်စတိုင်း အကျဉ်းသား ရာပေါင်းများစွာကို လွှတ်ပေးရမည်ဖြစ်ကြောင်း မီဒီယာများ၏ ပြောကြားချက်အရ သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ





# ဖိလစ်ပိုင်နိုင်ငံ၌ အပူလှိုင်း ဝင်ရောက်

မနီလာ မေ ၂

ဖိလစ်ပိုင်နိုင်ငံ၌ အပူလှိုင်းဝင်ရောက်မှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

မြို့တော်မနီလာတွင်အပူချိန် ၃၈ ဒသမ ၈ ဒီဂရီ ဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့ပြီး အနီးအနားရှိ တာလက်ပြည်နယ်တွင် ၄၀ ဒသမ ၃ ဒီဂရီ ဆဲလ်စီးယပ် အထိ မြင့်တက်ခဲ့သည်။

မနီလာမြို့တော်ဒေသတွင် အပူဒဏ်ကြောင့် လေအေးပေးစက်သုံးစွဲမှု များပြားလာ၍ ဓာတ်အားလိုင်း၏ ခံနိုင်ရည်အပေါ် ထိခိုက်မှုရှိလာနိုင်သဖြင့် လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲကြရေးအတွက် တာဝန်ရှိသူများက တိုက်တွန်းခဲ့သည်။

အပူဒဏ်ကာကွယ်ရေးအတွက် ကျောင်းသားများအား နေအိမ်မှ ပညာသင်ယူစေမည့်စနစ်ကို ခွင့်ပြုမည်ဟု သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ

# အစ္စရေးနိုင်ငံ၌ အပူလှိုင်းကျရောက်

ဂျေရုဆလင် မေ ၂

အစ္စရေးနိုင်ငံတွင် အပူလှိုင်းကျရောက်ခဲ့ပြီး ၈၅ နှစ်အတွင်း အပူဆုံးဧပြီလကို ဖြတ်သန်းကြုံတွေ့ခဲ့ရကြောင်း အစ္စရေးမိုးလေဝသဌာနက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း ယနေ့ နေ့အပူချိန်သည် ၄၀ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်သို့ ရောက်ရှိခဲ့ပြီး ၁၉၃၉ ခုနှစ်က ရှိခဲ့သည့် နေ့အပူချိန် ၄၀ ဒသမ ၄ ဒီဂရီ ဆဲလ်စီးယပ်ထက် ကျော်လွန်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ရှာ့ဗ်နီနှင့် နစ်ဇန် ဒေသတို့တွင်လည်း နေ့အပူချိန်များ မြင့်တက်ခဲ့သည်။ သို့ရာတွင် နိုင်ငံအတွင်းရှိ ပန်းခြံများနှင့် ကမ်းခြေများတွင် လူစည်ကားနေသောကြောင့် သွားရောက်လည်ပတ်သူများ အပူဒဏ်ကာကွယ်ရေးအတွက် နေရောင်ကာခရင်များလိမ်းကြရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

သက်ကြီး ရွယ်အိုများနှင့် ရောဂါခံစားနေရသူများကို မလိုအပ်ဘဲ နေရောင်ခြည်နှင့်ထိတွေ့ခြင်းမပြုရန်နှင့် ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်ရန် ကျန်းမာရေး ဝန်ကြီးဌာနက သတိပေးခဲ့သည်။ လာမည့်ရက်များအတွင်း အပူချိန်ကျဆင်းမည်ဟု ခန့်မှန်းထားသော်လည်း သာမန်ထက် ပူပြင်းနိုင်သည်ဟု သိရသည်။

ကိုးကား - အေအင်န်အိုင် ဘာသာပြန် - စိုးသူရ



# ရာသီဥတုပြောင်းလဲမှုသည် အာဖဂန်နစ္စတန်ပြည်သူများအတွက် အန္တရာယ်တစ်ရပ်ဖြစ်လာဟု တာဝန်ရှိသူများ ပြောကြား

ကဘူးလ် မေ ၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းဒေသများတွင် အပူချိန် ၂ ဒသမ ၄ ဒီဂရီစင်တီဂရိတ် မြင့်တက်လာပြီးနောက် ယင်းကဲ့သို့ ရာသီဥတုပြောင်းလဲမှုသည် အာဖဂန်နစ္စတန်ပြည်သူများအတွက် အန္တရာယ်တစ်ရပ်ဖြစ်လာကြောင်း ယနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်အရ သိရသည်။

နိုင်ငံအတွင်းရှိ ဟိန္ဒူကုပ်ရှ်ဒေသများတွင် အပူချိန် တစ်ဒီဂရီစင်တီဂရိတ်၊ အလယ်ပိုင်းနှင့် မြောက်ပိုင်းကုန်းမြင့်များတွင် ၁ ဒသမ ၆ မှ ၁ ဒသမ ၇ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိပြီး အာဖဂန်နစ္စတန် အရှေ့ပိုင်းဒေသများတွင် သုည ဒသမ ၆ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း အာဖဂန်နစ္စတန် အမျိုးသားသဘာဝပတ်ဝန်းကျင် ကာကွယ်ရေးအေဂျင်စီ၏ ဝက်ဘ်ဆိုက်ကို ကိုးကား၍ တာဝန်ရှိသူများက ပြောကြားသည်။

ယခုကဲ့သို့ စိန်ခေါ်မှုများ ဆက်လက်တည်ရှိနေခြင်းကြောင့် အာဖဂန်နစ္စတန်၏ မြို့ပြနှင့် ကျေးလက်ဒေသများတွင် ဆင်းရဲမွဲတေမှု၊ မိုးခေါင်မှု၊ ရေလွှမ်းမိုးမှု၊ အပူချိန်မြင့်တက်လာမှု၊ လယ်ယာနှင့် သစ်တောများပျက်စီးမှု၊ အစာရှားပါးမှု၊ တိရစ္ဆာန်များ သေဆုံးမှုနှင့် ရောဂါအမျိုးမျိုးဖြစ်ပွားလာရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အစိုးရသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စီမံခန့်ခွဲမှုကို ၎င်း၏ဦးစားပေးကဏ္ဍအဖြစ် ထားရှိဆောင်ရွက်နေပြီး ရာသီဥတုပြောင်းလဲမှုအခြေအနေကို လျော့ပါးသက်သာစေရန် ကြိုးပမ်းအားထုတ်မှုများ တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# အီသီယိုးပီးယားနိုင်ငံ၌ ပဋိပက္ခနှင့် သဘာဝဘေးများကြောင့် ကလေး ၄ ဒသမ ၁ သန်း ကျောင်းထွက်ခဲ့ရဟု ကုလသမဂ္ဂပြောကြား



အဒစ်အဘာဘာ မေ ၂

အီသီယိုးပီးယားနိုင်ငံ အမ်ဟာယာဒေသတွင် ဖြစ်ပွားသည့် ပဋိပက္ခများနှင့် သဘာဝဘေးများကြောင့် ကလေး ၄ ဒသမ ၁ သန်းခန့် ကျောင်းထွက်ခဲ့ရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးရုံးက ပြောကြားသည်။

၎င်းကလေးများသည် ပဋိပက္ခများဖြစ်ပွားမှု၊ မိုးခေါင်ရေရှားမှုနှင့် အခြားအကြောင်းအရာများကြောင့် ကျောင်းထွက်ခဲ့ရခြင်းဖြစ်ပြီး ဒေသအတွင်းရှိ ကလေးအရေအတွက်၏ ၃၅ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# အမေရိကန်နိုင်ငံက ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို ရုတ်ချကြောင်း ဗင်နီဇွဲလားအလုပ်သမားများ ဆန္ဒဖော်ထုတ်

ကာရာကတ် မေ ၂

ဗင်နီဇွဲလားနိုင်ငံတစ်ဝန်းရှိ အလုပ်သမားများသည် မြို့တော်ကာရာကတ်တွင် ယမန်နေ့ကစုဝေးခဲ့ကြပြီး သမ္မတ နီကိုလပ်စ်မဒူရိုကို ထောက်ခံကြောင်းနှင့် အမေရိကန်နိုင်ငံက ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို ရှုတ်ချကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလယ်ပိုင်း Cojedes ပြည်နယ်မှ အလုပ်သမားတစ်ဦးဖြစ်သည့် Edgar Villanueva က အမေရိကန်၏ အရေးယူပိတ်ဆို့မှုများသည် အလုပ်သမားလူတန်းစားကို ထိခိုက်နစ်နာစေကြောင်း နိုင်ငံပိုင် Venezolanade ရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်။ နိုင်ငံ၏ အခက်အခဲများကို ကြံ့ကြံ့ခံဖြေရှင်းနေသည့် သမ္မတမဒူရိုအား ထောက်ခံကြောင်း ယင်းချီတက်ပွဲတွင်ပါဝင်သည့် အလုပ်သမားများက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ကော့ကရိတ်မြို့ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ တိုက်ပွဲဖြစ်စဉ်များကြောင့် ရပ်ကွက်များအတွင်းရှိ လူနေအိမ်များ၊ မြို့မဈေးကြီး၊ ပြည်သူ့ဆေးရုံကြီးနှင့် ဆေးပေးခန်းများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး အဆိုပါဖြစ်စဉ်များကြောင့် မြို့နေပြည်သူလူထုများသည် ဘေးလွတ်ရာနေရာဒေသများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရာ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဧပြီ ၂၇ ရက် နံနက်ပိုင်းမှစတင်ကာ ကော့ကရိတ်မြို့အတွင်း ပြန်လည်ဝင်ရောက် နေထိုင်လျက်ရှိပြီး ၎င်းပြည်သူလူထုများ နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရပ်ကွက်အတွင်းရှိ နေအိမ်များအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေးရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကော့ကရိတ်မြို့တွင် ရပ်ကွက်(၇) ရပ်ကွက်နှင့် ကော့ဘိန်း၊ ကော့ပေါက်ကျေးရွာတို့တွင် အိမ်ခြေပေါင်း ၁၀၄၃၂ အိမ်၊ အိမ်ထောင်စုပေါင်း ၁၁၀၁၉ စုနှင့် လူဦးရေပေါင်း ၆၉၂၃၈ ဦး ရှိပြီး အဆိုပါဖြစ်စဉ်များကြောင့် အိမ်ထောင်စုအားလုံး ယာယီရွှေ့ပြောင်းနေထိုင်ကြရာမှ ကော့ကရိတ်မြို့အတွင်းသို့ ဧပြီ ၂၇ ရက်မှစတင်ပြီး ယာယီရွှေ့ပြောင်းနေထိုင်သူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင် ယာယီရွှေ့ပြောင်းနေထိုင်သူ ၃၈၇ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ စီမံကြီးကြပ်ဆောင်ရွက်မှုဖြင့် အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ခေါက်ဆွဲထုပ် ၁၀ ထုပ် ထောက်ပံ့ပေးခဲ့ပြီး ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ထောင်စု တစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပစ္စည်းပုံးများကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# ကလေးမြို့နယ် ပြည်တော်သာကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး နေအိမ်များမီးရှို့ခံရကြောင်း အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပြည်တော်သာကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၁ ရက်တွင် ဝင်ရောက်စီးနင်းခဲ့ပြီး ကျေးရွာရှိနေအိမ်များ မီးရှို့ခံရကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားမှုဖြစ်စေရန်အတွက် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

**တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်**

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကလေးမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၁ ရက်တွင် ပြည်တော်သာကျေးရွာအနီးသို့ရောက်ရှိစဉ် အသင့်စောင့်ဆိုင်းလျက်ရှိသည့် အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ပြည်တော်သာကျေးရွာအတွင်း လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ ပြည်တော်သာကျေးရွာ၏ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။




တရားမဝင်ပြည်ဖျက်မီဒီယာများသည် သတင်းအမှန်များ ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ ပြည်သူများအား သတင်းတု၊ သတင်းအမှားများဖြင့်သာ သတင်းအဆိပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ်စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ် ၁၄၆ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၆၉ ဒသမ ၀၉၁၇ တန်၊ သစ်မာ ၆၃ ဒသမ ၅၂၉၂ တန်၊ အခြား ၁၃ ဒသမ ၉၄၆၂တန် စုစုပေါင်း ၁၄၆ ဒသမ ၅၆၇၁ တန်၊ ယာဉ် / ယန္တရား ရှစ်စီး၊ တရားခံ ၂၃ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



# မိတ္ထီလာမြို့၌ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



**မိတ္ထီလာ မေ ၂**

မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်မီးသတ်တပ်ဖွဲ့၏ စုပေါင်းသွေးလှူဒါန်းပွဲကိုယနေ့နံနက် ၉ နာရီက ကျင်းပခဲ့ပြီး ခရိုင်မီးသတ်တပ်ဖွဲ့ဝင် ၃၁ ဦးကစုပေါင်းသွေးလှူဒါန်းကြရာခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

**ဘင်္ဂလား ပင်လယ်အော် အခြေအနေ**

**နေပြည်တော် မေ ၂**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့ တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# တောင်ကြီး၊ ချောင်းသာ၊ ပုဂံ၊ ငွေဆောင် လူရည်ချွန်စခန်းများမှ လူရည်ချွန်မောင်မယ်များ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

ရန်ကုန် မေ ၂

တောင်ကြီး၊ ချောင်းသာ၊ ပုဂံ၊ ငွေဆောင် လူရည်ချွန်စခန်းများမှ လူရည်ချွန်မောင်မယ်များ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ယနေ့နံနက်ပိုင်းက ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ တောင်ကြီး၊ ချောင်းသာ၊ ပုဂံ၊ ငွေဆောင် လူရည်ချွန်စခန်းများမှ လူရည်ချွန်မောင်မယ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက စေတီတော်မြတ်ကြီး၏သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဝင်ပြတိုက်ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လူရည်ချွန်မောင်မယ်များသည် ဒဂုံမြို့နယ် ရန်ကုန် - ပြည်လမ်းရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ အမျိုးသားပြတိုက်သို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ပြတိုက်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဂုဏ်ပြုလက်ဆောင်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

ယင်းနောက် လူရည်ချွန်မောင်မယ်များသည် အမျိုးသားပြတိုက်အတွင်းရှိ မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်နှင့် စတုတ္ထထပ်အတွင်း ပြသထားရှိမှုများကို ကြည့်ရှုလေ့လာခဲ့ကြပြီး ပြန်လည်ထွက်ခွာခဲ့ကြောင်းနှင့် ထိုသို့ လူရည်ချွန်မောင်မယ်များ၏ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကန်ကြီးထောင့်မြို့နယ်၌ သစ်စိမ်းမြေဩဇာ ထည့်သွင်းနိုင်ရေး မျိုးစေ့ဖြန့်ဖြူးပေးအပ်

ကန်ကြီးထောင့် မေ ၂

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မိုးစပါး ရေတော်မိုးတော်ဧရိယာတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းနိုင်ရေးအတွက် မျိုးစေ့ဖြန့်ဖြူးပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်စိုးက မိုးစပါးရေတော်မိုးတော်ဧရိယာတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းနိုင်ရေးအတွက် မျိုးစေ့ဖြန့်ဖြူးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကန်ကြီးထောင့်မြို့နယ်အနေဖြင့် မိုးစပါးရေတော်မိုးတော်ဧရိယာတွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းနိုင်ရေးအတွက် သတ်မှတ်ဧက ၁၂၉၁၁၀ မျိုးစေ့များဖြန့်ဝေပေးခဲ့ရာ ယခင်နှစ်က မျိုးစေ့ထုတ်ဧက ၂၂၄၀၀ အား မျိုးစေ့ထုတ်ခဲ့ပြီး ယခုနှစ်တွင် သတ်မှတ်ဧက ပြည့်မီနိုင်ရေးအတွက် လိုအပ်နေသည့် ရပ်ကွက်/ကျေးရွာများအား တစ်ဧကလျှင် လေးပြည်နှုန်းဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**



# မြန်မာအပြည်ပြည်ဆိုင်ရာအနုညာတခုံရုံးအသင်း ဗီယက်နမ်နိုင်ငံမှပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(MIAC) တရားဝင်တည်ထောင်ထားသော Myanmar International Arbitration Center(MIAC)Incorporated အသင်းကြီးက Arbitrator များဖြစ်ကြသော ဒေါ်အေးမင်းသန့်၊ ဦးမျိုးမြင့်အောင်၊ ဦးညီညီသိန်း၊ ဦးအောင်စိုးလင်း၊ ဒေါ်မိုးသန္တာ၊ ဒေါ်အိမိုးသူ၊ ဒေါ်ကေသီထွန်း၊ ဒေါ်စိုးစိုးလတ်တို့သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ Society of Construction Law Vietnam(SCLVN)နှင့်Vietnam International Arbitration Center (VIAC)မှ ဖိတ်ကြားချက်အရ Hochiminh City International Construction Arbitration Conference HICAC 2024 နှင့် 1st ASEAN CONSTRUCTION AND ADR ROUNDTABLE HOCHIMINH CITY VIETNAM သို့ ၂၀၂၄ ခုနှစ် ဧပြီ ၂၄ ရက်မှ ၂၈ ရက်အထိ တက်ရောက်ခဲ့ပြီး ဧပြီ ၃၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါ Conference သို့ တရုတ်၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ ယူအေအီး၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ဘရူနိုင်း၊ မြန်မာနိုင်ငံတို့မှ Arbitrators များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းတင်**

○ **MNL Cup မှ**

ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ အုပ်စုကို ဦးဆောင်လျက်ရှိသည်။ အုပ်စု (ခ) တွင်မူ နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိနေသည့် အသင်းသုံးသင်းစလုံး ရလဒ်ကောင်းနေသဖြင့် ရှမ်းယူနိုက်တက်၊ ရခိုင်ယူနိုက်တက်နှင့် ကချင်ယူနိုက်တက်အသင်းတို့၏ လက်ကျန်ပွဲများနှင့် ထိပ်တိုက်တွေ့ဆုံမည့်ပွဲများမှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး နိုင်ငံခြားသားကစားသမားအဖြစ် မတ်ခ်ဆာကီတစ်ဦးတည်းသာပါဝင်ကာ ဟိန်းသီဟဇော်၊ သူရိန်ထွန်း၊ ရဲရင့်အောင်၊ မျိုးကိုထွန်း၊ အောင်နိုင်ဝင်း၊ သက်ဟိန်းစိုး၊ ပြည့်ဖြိုးသူ (ဂိုး) တို့ ပါဝင်ခဲ့သည်။ ပွဲအစ ၁၅ မိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၁၂ မိနစ်တွင် သူရိန်ထွန်း၊ ၁၅ မိနစ်တွင် အောင်နိုင်ဝင်းတို့က ဂိုးများသွင်းယူခဲ့သည်။ ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် အနိုင်ရနေသည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး အနိုင်ဂိုးများကို ၅၃ မိနစ်တွင် ရဲရင့်အောင်၊ ၇၅ မိနစ်တွင် သက်ဝေမိုးတို့က သွင်းယူခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက Rainbow အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ ၃၁ မိနစ်တွင် Rainbow အသင်းမှ စောလောအယ်ထူး ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် ကချင်ယူနိုက်တက်အသင်း ဂိုးစတင်ရရှိခဲ့ပြီး ကျန်အနိုင်ဂိုးများကို ၃၈ မိနစ်တွင် အက်စ်ဂွန်းလမ်၊ ၄၅+၃၊ ၆၉၊ ၉၀ မိနစ်တွင် ဇော်မွန်းအောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ ရှမ်းယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၅ မှတ်၊ ရခိုင်ယူနိုက်တက်နှင့် ကချင်ယူနိုက်တက်အသင်းက ငါးပွဲကစား ၁၂ မှတ်စီ၊ Glory Goal အသင်းက ခြောက်ပွဲကစား သုံးမှတ်၊ Rainbow အသင်းက ခြောက်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

မေ ၃ ရက်တွင် အုပ်စု (ဂ) ပွဲစဉ်များအဖြစ် သုဝဏ္ဏကွင်း၌ ဧရာဝတီအသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ တက္ကသိုလ်ကွင်း၌ Dagon Port အသင်းနှင့် ဟံသာဝတီအသင်း၊ ပဒုမ္မာကွင်း၌ ရတနာပုံအသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်း၊ YUSC ကွင်း၌ သစ္စာအားမာန်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**


**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

**ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်**

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- ✪ အရိပ်ရ၍ အေးမြသောနေရာများတွင်သာနေပါ၊
- ✪ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ✪ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊
- ✪ ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- ❖ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ❖ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- ❖ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- ❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင်များ
- ❖ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- ❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

# (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနက သွေးလှူဒါန်းပွဲကျင်းပ

မန္တလေး မေ ၂

(၇၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး (ဗဟိုမီးသတ်)၌ သွေးလှူဒါန်းပွဲအခမ်းအနား ကျင်းပသည်။

**တက်ရောက်**

သွေးလှူဒါန်းပွဲ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဆေးရုံအုပ်ကြီး (မန္တလေးပြည်သူ့ဆေးရုံကြီး) ဒေါက်တာလှငွေးမင်း၊ ရောဂါဗေဒဌာနမှူး ပါမောက္ခ ဒေါက်တာနီလာဝင်း၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးငွေးဝင်းနှင့် မန္တလေးခရိုင်အတွင်းရှိ သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၇၀ တက်ရောက်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သွေးလှူဒါန်းမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်း၊ သံဓာတ်အားတိုးဆေး၊ အအေး၊ ရေသန့်နှင့် ကြက်ဥများ ပေးအပ်ခဲ့သည်။ အဆိုပါသွေးလှူဒါန်းပွဲအခမ်းအနားတွင် မန္တလေး ခုနစ်မြို့နယ်ရှိ သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၅၀ ခန့် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

၂၂၂



# မအူပင်မြို့နယ်၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မအူပင် မေ ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မီးသတ်ဦးစီးဌာနက ၂၀၂၄ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် အမှတ်(၁၂)ရပ်ကွက်ရှိ မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီး ဘုရားဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ယင်းစုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးငွေး ဦးဆောင်မှုဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များပူးပေါင်းပြီး မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်နှင့် အတက်အဆင်း လှေကားထစ်များအား တံမြက်စည်းလှဲခြင်း၊ ရေဖြင့်ဆေးကြောခြင်းများဆောင်ရွက်ခဲ့ပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



# မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောင်းဆုံ၌ သောက်သုံးရေဂါလန် ၁၇၃၅၀ လှူဒါန်း



ချောင်းဆုံ မေ ၂

မွန်ပြည်နယ် မီးသတ်ဦးစီးဌာနက မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းခြင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်းကာ ယနေ့နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ၊ ကော့မုပွန်ကျေးရွာနှင့် ဒေါင်းရပ်အနောက် ကျေးရွာတို့၌ သောက်သုံးရေဂါလန် ၁၇၃၅၀ တို့ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေ ကွင်းဆင်းလှူဒါန်းခြင်းကို မီးသတ်ဦးစီးဌာန ရေသယ်ယာဉ် ငါးစီး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ရေသယ်ယာဉ် တစ်စီးနှင့် ပရဟိတအဖွဲ့များက ရေသယ်ယာဉ် ငါးစီး စုစုပေါင်း ရေသယ်ယာဉ် ၁၁ စီးတို့ဖြင့် သောက်သုံးရေဂါလန် ၁၇၃၅၀ နှင့် ၂၀ လီတာဆံ့ ရေသန့်ဘူး ၂၀၀ တို့ကို ကျေးရွာများရှိ ရေလှောင်ကန်နှင့် နေအိမ်များအရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သထုံမြို့နယ်၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းရေလှူဒါန်း

သထုံ မေ ၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် (၇၈)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏စီမံမှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုကူညီရေး ပရဟိတအဖွဲ့တို့ ပူးပေါင်းကာ သောက်သုံးရေများ စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ရေလှူဒါန်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်း ဦးဆောင်သည့် သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သထုံမြို့ အောက်ကျင်းရပ်ကွက် အောင်မြေရွှေဘုံနှင့် ကန်ညီနောင်တို့ရှိ လမ်းသွယ်အသီးသီးတို့မှ အိမ်ထောင်စုပေါင်း ၄၈၅ စုတို့အား မြို့နယ်မီးသတ်တပ်ဖွဲ့က ရေသယ်ယာဉ်တစ်စီးနှင့် မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ရေသယ်ယာဉ်တစ်စီး၊ အနိူင်းမဲ့မေတ္တာသွေးနှင့် အောက်ဆီဂျင်အခမဲ့ ကူညီရေးအသင်းက ရေသယ်ယာဉ်နှစ်စီး၊ အကြင်နာတွဲလက်လူမှုကူညီရေးအသင်းက ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ရေဂါလန်ပေါင်း ၉၇၅၀ အား စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# တောင်ငူမြို့၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

တောင်ငူ မေ ၂

မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် တောင်ငူခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ စုပေါင်း၍ သွေးလှူဒါန်းကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသက်ဝင်းက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး အာဟာရစားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



# ပုသိမ်မြို့၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ပုသိမ် မေ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

**စုပေါင်းသွေးလှူဒါန်း**

ဧရာဝတီတိုင်း ဒေသကြီးမှ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ က ပုသိမ်မြို့ အမှတ် (၄) တပ်မတော် စစ်မြေပြင်ဆေးတပ်ရင်းနှင့် ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်းသွေးလှူဒါန်းခဲ့ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံအုပ်ကြီးတို့ တက်ရောက်အားပေးခဲ့သည်။



ထို့နောက် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပုသိမ်မြို့ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးတို့က ကြက်ဥ၊ အချိုရည်၊ အားဆေးနှင့် အခြားဖြည့်စွက်စာများကို သွေးလှူရှင်များထံသို့ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

▲

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၂

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော်  မေ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခေမာသီဝံပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်





(၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟသ်ာတခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက မေ ၁ ရက်တွင် ဟသ်ာတမြို့ ရွှေကူရပ်ကွက်ရှိ မြို့သူကြီးဘုရား၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



(၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်မီးသတ်ဦးစီးဌာနမှ တနင်္သာရီမြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် လေသာဘုရားတောင်ပေါ်၌ သန့်ရှင်းသာယာ၍ ဥပဓိရုပ်ကောင်းမွန်ပြီး ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစေရေးအတွက် မေ ၂ ရက်က ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများနှင့် ရေဖြည့်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်စဉ်။

နန်းသာရီ-ထိန်ဝင်း

# ကန်ကြီးထောင့်မြို့နယ်၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကန်ကြီးထောင့်  မေ ၂**

ဧရာဝတီ တိုင်းဒေသကြီး ကန်ကြီးထောင့် မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မေ ၅ ရက်တွင် ကျရောက်မည့်(၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့နံနက် ၇ နာရီက ကန်ကြီးထောင့်မြို့နယ်ရှိ လောကမှန်ကူသိဒ္ဓိရှင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။



**ဆက်ကပ်လှူဒါန်း**

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး၏ ဦးဆောင်မှုဖြင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကန်ကြီးထောင့်မြို့နယ်ရှိ လောကမှန်ကူသိဒ္ဓိရှင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်နှင့် တန်ဆောင်းအတွင်း တံမြက်စည်းလှဲခြင်း၊ ရေဖြင့်ဆေးကြောခြင်း၊ ဘုရားကြီးပရိဝုဏ်အတွင်းအပြင် ပေါင်းမြက်များ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

# ရေတာရှည်မြို့နယ်၌ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ရေတာရှည်  မေ ၂**

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းထက်နိုင် ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် အမှတ် ၆ ရပ်ကွက်ရှိ အောင်မင်းခေါင်ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်သည်။

**စုပေါင်းသန့်ရှင်းရေးဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် ရေတာရှည်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းထက်နိုင် ဦးဆောင်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များစုပေါင်း၍



ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရင်ပြင်တော်အား ဆေးကြောခြင်း၊ စေတီအား ရေသပ္ပါယ်ခြင်း၊ ဗောဓိညောင်ပင်အား ရေလောင်းကုသိုလ်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒို့ကျေးရွာ ဂျာနယ် ထွက်ရှိ



၁၅-၄-၂၀၂၄ ရက်နေ့ထုတ် အတွဲ (၂၁)၊ အမှတ် (၉) တွင်
- အလုပ်သမားများရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းကြိုးပမ်းစို့
- အလေးထားစိုက်ပျိုးသင့်သော နဂါးမောက်သီး
- သိုလှောင်သီးနှံများတွင် ကြွက်ကာကွယ်နှိမ်နင်းရေး
- သရက်ချောင်းမြို့နယ်၌ ရာသီပေါ် ဒူးရင်းသီးများ ဈေးကောင်းရရှိ
- ဆလုံရေလုပ်သားများ ကင်းမွန်ရောင်းချပြီး အလုပ်အကိုင်အဆင်ပြေ
- မွေးမြူရေးတိရစ္ဆာန်များ အပူဒဏ် ကြိုတင်ကာကွယ်နိုင်ရေး နှိုးဆော်
- သက်ရှိသတ္တဝါများအတွက် အရေးကြီးသောရေဓာတ်
- မျက်ကြည်လွှာနာခြင်းကို မပေါ့ဆသင့် စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


✪ ကျောဖုံးမှ

ယင်းကဲ့သို့ ဝင်ရောက်ခဲ့သည့်အနက် ပြည်တွင်းမှ ခရီးသွားဝင်ရောက်သူ ၉၄၂၉၅ ဦးရှိခဲ့ကာ ဝင်ငွေကျပ် ၆၇၀၄၄၀၀၀ ရရှိခဲ့ပြီး ပြည်ပခရီးသွားဝင်ရောက်မှု ၆၅၆ ဦးရှိခဲ့၍ ဝင်ငွေကျပ် ၄၈၇၅၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

"ပြည်ပဝင်ရောက်မှုကတော့ နည်းပါသေးတယ်။ နိုင်ငံခြားသားဝင်ရောက်မှုအနေနဲ့ မတ်လအတွင်းကဆိုရင် ၄၀ လောက် ရှိခဲ့တယ်။ ဖေဖော်ဝါရီလအတွင်းမှာ ၂၃ ယောက်လောက်ပဲရှိခဲ့တယ်။ ပြည်ပထက် ပြည်တွင်းခရီးသွားတွေ ပိုများတယ်"ဟု ၎င်းက ပြောသည်။

ပုဂံရှေးဟောင်း သုတေသနပြတိုက်သည် တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ၄နာရီခွဲအထိ ဖွင့်လှစ်ထားပြီး ပြတိုက်ဝင်ကြေးအနေဖြင့် ပြည်တွင်းခရီးသွားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်းသတ်မှတ်ထားကာ ၁၂ နှစ်အောက်ကလေးငယ်များနှင့် ကျောင်းထောက်ခံစာပါရှိပြီး လာရောက်လေ့လာသူကျောင်းသား ကျောင်းသူများနှင့် ရဟန်း၊ သံဃာများကို ဝင်ကြေးကင်းလွတ်ခွင့်ပြုထားကြောင်းနှင့် နိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေးငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြီးခဲ့သည့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်အတွင်း ခရီးသွားဝင်ရောက်မှု ၈၃၀၀၀ ကျော် ဝင်ရောက်ခဲ့သည့်အနက် နိုင်ငံခြားသား ၃၂၈ ဦးသာရှိခဲ့ပြီး၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ခရီးသွားဝင်ရောက်မှု ၉၄၀၀၀ ကျော် ဝင်ရောက်ခဲ့ရာ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု ၆၅၆ ဦး ရှိခဲ့သည်။

ယခုနှစ်ခရီးသွားရာသီကာလအတွင်း ခရီးသွားများအနေဖြင့် ပုဂံ၊ အင်းလေး၊ ကလော၊ ချောင်းသာ၊ ငွေဆောင် အစရှိသည့်နေရာဒေသများသို့ ခရီးသွားလည်ပတ်မှုများပြားခဲ့ပြီး လက်ရှိကာလတွင်လည်း ရာသီဥတုအပူချိန်ကြောင့် ပုဂံဒေသသို့ခရီးသွားဝင်ရောက်မှု အနည်းငယ်ကျဆင်းသွားသော်လည်း ဆက်လက်များပြားနေဆဲဖြစ်ကြောင်း သိရသည်။

MT

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝါဝါလွင် [၁၂/ဒဂတ(နိုင်)၁၁၇၆၉၃]က ဒေါ်စိန်စိန် [၁၂/ဒဂတ(နိုင်)၀၀၉၁၆၃]ထံမှ ၎င်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၉ ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ် (၁၀၈) အမည်တွင်သော ပေ(၄၀x၆၀) မြေနှင့် အိမ်ဆိုင်ခန်း (၄)ခန်းတို့ကို (၂၆-၈-၂၀၂၀) စာချုပ်အရနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအရ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ အဆိုပါ မြေနှင့်အိမ်ဆိုင်ခန်းအား ကျွန်ုပ်မိတ်ဆွေ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ မည်သည့်ကိစ္စကိုမျှ မပြုလုပ်ရန် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဒေါ်ဝါဝါလွင်**
**အမှတ်- ၉၀၆(ခ)၊**
**ပြည်သာယာလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်ရီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်- ၁၉၀၃၇)**
**ဖုန်း- ၀၉-၄၅၅၆၄၈၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၀)၊ လူနေရပ်ကွက်အမှတ်(၁၂)၊ ပေါ်ဆန်းမွှေး(၁)လမ်း၊ မြေကွက်အမှတ် (၃၈၇/ခ) အကျယ်အဝန်း (၂၀x၆၀)ပေ၊ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် **ဦးမောင်မောင် [၁၂/လမန(နိုင်)၁၀၄၁၄၀]** အမည်ပေါက်လျက်ရှိပြီး ၎င်းနှင့် ၎င်း၏ဇနီး ဒေါ်စိုးစိုးမော် [၁၂/လမန(နိုင်)၁၀၄၁၃၆]တို့မှ ရောင်းချရန်ကမ်းလှမ်းရာ မိမိတို့တစ်ဦးတည်းသာ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ကျော်မှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြေညာပါသည့်နေ့မှ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုသီဂီအောင် (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၉၀၉)**
**၀၉-၂၅၀၀၅၁၆၈၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက် (ထူပါရုံ(၂၃)လမ်း/အနောက်)၊ အမှတ်(၅၅၈/ခ)၊ တစ်ခန်းတည်း RC (၅)ထပ်ခွဲတိုက်မှ မြေညီထပ်၊ ဧရိယာ (၉၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ငြိမ်းဆုမွန် [၁၂/သကတ(နိုင်)၁၆၂၆၈၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသူရကျော် [၉/အမဇ(ပြု)၀၀၀၀၈၁]၊ ဒေါ်သင်းချယ်ရီကျော် [၁၃/ကမန(နိုင်)၀၉၉၄၂၇]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသူရကျော်နှင့် ဒေါ်သင်းချယ်ရီကျော် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-450023651, 09-793568375**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ နန့်အိကေခိုင် [၁၄/မမန(နိုင်)၁၅၇၇၈၂]၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း-၀၉-၇၇၀၇၄၄၁၇၁**

## ဝန်ခံကတိပြုတောင်းပန်ခြင်း

ကျွန်တော်များ STANDARD OF FUTURE CO.,LTD သည် အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ် ဗဟိုဟလာလ်စိစစ်ရေးကော်မတီမှ **ဟာလာလ်ခွင့်ပြုချက် မရယူဘဲ ဘဲသွေး**ကို ဟလာလ်တံဆိပ် ရိုက်နှိပ်ထုတ်ဝေခဲ့မိပါသည်။

ထိုသို့ ထုတ်ဝေမိခဲ့ခြင်းအပေါ် အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်ဗဟိုဟလာလ်စိစစ်ရေးကော်မတီသို့ ကိုယ်တိုင်သွားရောက်၍ ခွင့်လွှတ်ပေးပါရန် တောင်းပန်ခဲ့ပါသည်။ နောက်နောင်တွင်လည်း လုံးဝ ထုတ်ဝေတော့မည်မဟုတ်ကြောင်း ဝန်ခံကတိပြုလုပ်ခဲ့ပါသည်။




**Standard Of Future Company Limited**
**(အနာဂတ်အတွက်စံကုမ္ပဏီလီမိတက်)**
**Company Registration No.104632718**
**အမှတ်(၁၁၆)၊ ရောလမ်း၊ စက်မှုဇုန်(၅)၊**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၇၇၀၄၄၈၈၁၊ ၀၉-၇၇၇၀၄၄၈၈၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့် ဖန်ချက်လမ်းကြား၊ အမှတ်(၈၉၅) **မုဒိတာကွန်ဒိုအိမ်ရာ(၂)**၊ ခတ်လှေကားပါ RC (၈)ထပ်ခွဲတိုက်မှ ၈ လွှာ၊ အခန်းအမှတ်(2A/891) ဧရိယာ (600)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဇာခြည်လင်း [၁၂/ဥကမ(နိုင်)၁၇၆၁၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဖွဲ့မင်းထက် [၁၂/ဥကတ(နိုင်)၁၈၀၅၈၄]၊ ဒေါ်နှင်းကေရီ [၁၂/ဥကတ(နိုင်)၁၇၉၄၂၁]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဖွဲ့မင်းထက်နှင့် ဒေါ်နှင်းကေရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-450023651, 09-793568375**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့နေ ဦးဖြိုးဇင်အောင် [၁၂/စခန(နိုင်)၀၆၅၉၇၁]နှင့် ဒေါ်စုမြတ်မင်း [၁၂/စခန(နိုင်)၀၆၆၇၀၉]တို့သည် (၅-၁၁-၂၀၁၄)ရက်နေ့၌ လက်ထပ်ထိမ်းမြားခဲ့ကြပါသည်။ ၎င်းနောက်ပိုင်းတွင် နှစ်ဦးနှစ်ဖက် စိတ်သဘောထားချင်း မတိုက်ဆိုင်ကြပါသဖြင့် (၂၉-၄-၂၀၂၄)ရက်၌ နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ အပြီးအပိုင် ကွာရှင်းခြင်းကတိစာချုပ်ပြုလုပ်ချုပ်ဆို၍ ကွာရှင်းပြီးဖြစ်ကြောင်းနှင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြီးနောက် နှစ်ဦးသဘောတူ ပစ္စည်းခွဲဝေခြင်းကတိစာချုပ်အတိုင်း လိုက်နာ၍ ပစ္စည်းခွဲဝေရယူကြရန် နှစ်ဦးနှစ်ဖက် သဘောတူညီကြပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးဇင်အောင်နှင့် ဒေါ်စုမြတ်မင်းတို့၏ လွှဲအပ်ချက်အရ-**
**ဒေါ်နှင်းချယ်ရီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၃၁)**
**အမှတ်(၄၁)၊ ၈၈ လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-984732492, 09-953119749, 09-790404763**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၉L၊ မြေကွက်အမှတ်- ၁၅၉၊ဧရိယာ (၀.၀၃၄)ဧက မြေကွက်တည်နေရာအမှတ် -၂၇၊ ၆၄ လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ဒေါ်သန်းညွန့် [၁၂/ဗတထ(နိုင်) ၀၁၆၉၀၄]၊ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မြေအား (ဇနီး)ဖြစ်သူ အမည်ပေါက် ဒေါ်သန်းညွန့် [၁၂/ဗတထ(နိုင်) ၀၁၆၉၀၄] ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးမြတ်ကျော် [၁၂/ဗတထ(နိုင်)၀၁၂၃၉၄]မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အထက်ပါဖော်ပြထားသော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ခင်ပွန်းဖြစ်သူ မိမိတစ်ဦးတည်းကသာ အမွေဆက်ခံပိုင်ဆိုင်ပြီး မိမိမှလွဲ၍ အခြားပိုင်ဆိုင်သူ လုံးဝ မရှိကြောင်း၊ ဦးမြတ်ကျော် [၁၂/ဗတထ(နိုင်) ၀၁၂၃၉၄]မှ ကိုယ်တိုင်ကျမ်းကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေဆုံးမှုလက်မှတ်တို့ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်တွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ် (၁၂၃၇)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **နော်ဖောရှားရို [၁၂/ရကန(နိုင်)၀၀၀၈၀၄]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** / **ဒေါ်စုစုလှိုင်(LL.B)**
**(စဉ်-၁၁၄၀၆)** / **(စဉ်-၅၅၅၆၃)**
**တရားလွှတ်တော်ရှေ့နေ** / **အထက်တန်းရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ပုန်းညက်လမ်း၊ မြေကွက်အမှတ်(၃၅၂/ခ)၊ မြေအကျယ်အဝန်း (၂၃ပေx ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးသန်းထွန်း[၁၂/ဒဂတ(နိုင်)၀၁၆၈၈၅] (AC-၀၅၉၆၉၆)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးရန်အောင်ဌေး [၁၂/မဂတ(နိုင်)၀၈၆၀၄၂]**သည် **"အထွေထွေကိုယ်စားလှယ်လွှဲစာ"**ရရှိထားသူဖြစ်ပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေများထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** / **ဒေါ်စုစုလှိုင်(LL.B)**
**(စဉ်-၁၁၄၀၆)** / **(စဉ်-၅၅၅၆၃)**
**တရားလွှတ်တော်ရှေ့နေ** / **အထက်တန်းရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေတိုက်နယ်၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂-ဘီ)၊ ကိုယ်မင်းကိုယ်ချင်းရိပ်သာလမ်း၊ မြေကွက်အမှတ် (၅၂၀ ဒီ/၄) ဟုခေါ်တွင်သော အမှတ်(၇)၊ ကိုယ်မင်းကိုယ်ချင်းရိပ်သာလမ်း၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ မြေအကျယ်အဝန်း ဧရိယာ (၀.၅၂၆)ဧကရှိ မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးအောင်လင်း [၁၂/ဗဟန(နိုင်)၀၀၅၈၇၇]နှင့် ဦးသူရလင်း [၁၂/ဗဟန(နိုင်)၀၀၄၈၄၆]**တို့ အမည်များဖြင့် ပူးတွဲအမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်များကိုယ်တိုင်မှ မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေများထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** / **ဒေါ်စုစုလှိုင်(LL.B)**
**(စဉ်-၁၁၄၀၆)** / **(စဉ်-၅၅၅၆၃)**
**တရားလွှတ်တော်ရှေ့နေ** / **အထက်တန်းရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့အပိုင်၊ ဘုရားငုတ္တိကျေးရွာ၊ ငါးကြီးအင်းတောင်ကွင်း၊ ဦးပိုင်အမှတ် (၆၁/၃က)၊ မြေအကျယ်အဝန်း ဧရိယာ (၂.၁၀)ဧကခန့်ရှိ ဥယျာဉ်ခြံမြေကွက်နှင့် ယင်းဥယျာဉ်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပဲခူးမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် **ဦးညီညီခိုင်[၁၂/ရကန(နိုင်)၀၆၃၈၃၂]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်လှမြတ်ကျော်(LL.B)** / **ဒေါ်လဲ့လဲ့မွန်(LL.B)**
**(စဉ်-၁၀၆၈၈)** / **(စဉ်-၁၈၇၉၆)**
**တရားလွှတ်တော်ရှေ့နေ** / **တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၀၆၆/ခ)၊ (၆-လွှာ)၊ ရှင်သီဝလိ (၁၃)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၂၅၁၁၁၉၈၉၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃) ရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ်(၁၆၅/၁) မြေညီထပ် (A)(တိုက်မျက်နှာမူ-ညာ) လိပ်စာရှိ ဧရိယာ အကျယ်အဝန်း (၁၄ ပေ x ၅၁ ပေ) ခန့်ရှိသည့် တိုက်ခန်းတစ်ခန်း အပါအဝင် ယင်းနှင့်စပ်ဆက်သော ရေမီးစုံပါ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ **ဦးအောင်ကျော်ထွန်း [၇/ပတန(နိုင်)၀၆၂၉၀၄]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးအောင်သူရ [၈/ခမန(နိုင်)၀၀၁၈၄၆]** က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပြီး၊ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါ အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သက်ဦး (LL.B., DBL, DIR) GCIP (DL-101/2014) Switzerland**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၇၈)**
**အမှတ်(၃)၊ မြေညီထပ်၊ မင်းညွှန့်လမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၂၁၁၁၈၈၁၂၊ ၀၉-၇၈၄၁၁၁၉၉၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မုပွန်ရပ်ကွက်၊ မုပွန်တိုးချဲ့(၈)လမ်းအောက်ပိုင်း၊ မြေကွက်အမှတ်(၃၅၄)၊ ဧရိယာ (၀.၀၃၀)ဧက၊ မြေကွက်အကျယ်(၂၂x၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မော်လမြိုင်မြို့၊ မုပွန်ရပ်ကွက်၊ မုပွန်မီးရထားဝင်းနေ ဒေါ်သန်းသန်း(ဘ) ဦးသိန်းအောင် [၁၀/မလမ(နိုင်)၀၉၀၁၆၂] နှင့် ဒေါ်ခက်ခက်မာ (ဘ) ဦးစံညွှန့် [၁၀/မလမ(နိုင်)၁၄၆၇၄၀] ကိုင်ဆောင်သူတို့မှ ၎င်းတို့ကသာ လက်ရှိထား ပိုင်ဆိုင်ကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးဦး (ဘ)ဦးစိုးသိန်း [၁၂/စခန(နိုင်)၀၁၁၀၃၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် သဘောတူညီသဖြင့် အရောင်းဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက် အချို့ကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသီဟထွန်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၈၆)**
**အမှတ်(၅)၊ စွန်းလွန်းလမ်း၊ တောင်ပိုင်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့။**
**ဖုန်း-၀၉-၂၆၄၉၄၆၅၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(ခ/၁၈၄)၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၃၀)၊ အကျယ်အဝန်း (၂၅x၅၀)ပေ ဟုခေါ်တွင်သည့် တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၃)ထပ်အဆောက်အဦ၏ (ခေါင်းရင်းခြမ်းမှန်ခန်း)၊ အကျယ်အဝန်း(၁၁ပေခွဲx၄၇ပေ)ရှိ တိုက်ခန်းနှင့် ၎င်းတို့နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးထွန်းထွန်းနိုင် [၁၂/ဒပန(နိုင်)၀၀၈၂၃၇]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သူ ဦးကျော်နန္ဒ(ခ) ဘရိုင်ယန် [၁၂/ဗတထ(နိုင်)၀၃၉၈၅၉]နှင့် ဒေါ်အိကေခိုင် [၁၂/လမတ(နိုင်)၀၃၅၆၄၃]တို့က အပြီးအပြတ် ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၅)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်နန္ဒ(ခ)ဘရိုင်ယန် နှင့် ဒေါ်အိကေခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇင်မင်းထွန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၈၄၂/၂၀၂၂)**
**အမှတ်(၃)၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၁၁၇၈၉၂၈**

## "ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေး(၄)လမ်း၊ တိုက်အမှတ်(၁၁၇)၊ ဒုတိယထပ်(၃-လွှာ)/ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၄ ပေ x ၄၅ ပေ) တိုက်ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ"

အထက်ပါတိုက်ခန်း၏ ပိုင်ရှင်ဖြစ်သူ ဒေါ်အေမီလှိုင်[၉/တတဥ(နိုင်)၀၉၄၇၃၉]မှ အဆိုပါတိုက်ခန်းကို ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းထိုက်[၁၂/ဥကမ(နိုင်)၁၅၆၁၇၉]မှ (၃၀-၄-၂၀၂၄)ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းထိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သာမရာဆဲလ်ဗွီ [၁၂/ပဇတ(ပြု)၀၀၀၀၁၇] ကိုင်ဆောင်သူ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၂၀၃)၊ ပထမထပ်တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

(၁) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ (ယခင်အင်းတကော်ကျေးရွာအုပ်စု)၊ ကွင်းအမှတ်- ၁၁၆၉(က)၊ -ကွင်းအမည်- အတက်ကြီးတောင်ကွင်း၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ (၀.၂၅) ဧကရှိ မြေကွက်နှင့် အတက်ကြီးတောင်ကွင်း၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ (၀.၂၅)ဧကရှိသော မြေကွက်များနှင့် ယင်းမြေကွက်တို့ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံများနှင့်တကွ အတူပါရှိသော စက်ပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

(၂) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥသျှာ(၈)၊ ညောင်အင်းကျေးရွာ၊ အထူးစက်မှုဇုန်(၂)၊ မြေကွက်အမှတ်(၁၇)၊ ဧရိယာ (၅)ဧကရှိသော မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၂၀၃)မှ ပထမထပ်(ဘယ်ခြမ်း)၊ ဒုတိယထပ် (ဘယ်ခြမ်း)နှင့် တတိယထပ်(ဘယ်ခြမ်း) တိုက်ခန်း (၃)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ခင်ပွန်းဖြစ်သူ ဦးမောင်မောင် (ခ)ကာလီဒက်(စ်)မှ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ၎င်းကွယ်လွန်ပြီးနောက် ခင်ပွန်းဖြစ်သူ၏ပိုင်ရေးဆိုင်ခွင့်အရပ်ရပ်အားလုံးတို့သည် တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်သာမရာဆဲလ်ဗွီထံသို့ လွှဲပြောင်း စီးဆင်းသွားပြီး အထက်ဖော်ပြပါ ပစ္စည်းများအား အမွေဆက်ခံပိုင်ဆိုင်ခွင့် ရရှိသူ ဖြစ်လာပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပိုင်ဆိုင်မှုအရပ်ရပ်တို့အား ယခုလက်ရှိ တွင် ဒေါ်သာမရာဆဲလ်ဗွီ တစ်ဦးတည်းမှသာ အမွေဆက်ခံ ပိုင်ဆိုင်စီမံခန့်ခွဲခွင့် ရရှိထားသူဖြစ်ပြီး အခြားသူတစ်ပါးထံ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းလှူဒါန်းထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ ငှားရမ်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းတို့ မရှိပါကြောင်း အများသိစေရန် ဒုတိယအကြိမ် ထပ်မံကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးအေးမော် (စဉ်-၇၆၀၇)** | **ဒေါ်သူသူမင်း (စဉ်-၁၂၉၆၅)** |
| **LL.B, D.B.L, WIPO (Switzerland)** | **LL.B, D.B.L, WIPO (Switzerland)** |
| **ဒေါ်ခင်မို့မို့ထွန်း (စဉ်-၁၅၉၉၄)** | **ဒေါ်မာလာသန်းမြင့် (စဉ်-၁၈၂၅၅)** |
| **LL.B** | **LL.B, WIPO (Switzerland** |

**(တရားလွှတ်တော်ရှေ့နေများ)**
**ဒေါ်ချယ်ရီဇော် (စဉ်-၄၄၃၉၃)**
**LL.B**
**(အထက်တန်းရှေ့နေ)**
**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း-၄၀ (ကမ်းနားဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၈၂၅၄၇၆၈**

## "အများသိစေရန်ကြေညာအပ်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၈၂)ရပ်ကွက်၊ မုဒိတာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၈၂)၊ မြေကွက်အမှတ်(၁၉၉)၊ အကျယ်(၄၀x၆၀)ပေရှိ တပ်ကြပ်ကြီးအေးသောင်း အမည်ပေါက်သည့် ပါမစ်မြေကွက်ကြီးထဲမှ (ခြေရင်းဘက်) (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဇော်ဦး [၁၂/ဒဂတ(နိုင်)၀၉၄၄၉၄] ထံမှ ( ၃၀ - ၄ - ၂၀၂၄ )ရက်နေ့တွင် မြေကွက်အရောင်းအဝယ်အပြီးအပိုင် စာချုပ် ချုပ်ဆိုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ အပြေအကျေပေးချေထားပြီးဖြစ်၍ မြေကွက်အား လက်ရောက်ရယူ၍ ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေသာလျှင် ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"ဦးမင်းနိုင်စိုး၏လွှဲအပ်ချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၇၅)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်။ Ph: 01-385205,09-420088970**

## ပြင်ဆင်ဖတ်ရှုပါရန်

(၅-၄-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ "၂၇"ပါ ဒေါ်ချိုချိုမွေး+၁ တရားလွှတ်တော်ရှေ့နေများ၏ အများသိစေရန် ကြေညာခြင်းတွင် ဦးဟန်မြင့်၏ မှတ်ပုံတင် အမှတ်အား[၈/သရန (နိုင်)၀၈၁၈၃၅]အစား[၈/သရန(နိုင်) ၀၈၁၈၈၈]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ အမှတ်-(၁၄၂)၊ မြေညီထပ်၊ အခန်းအမှတ်-(၂)ဟုခေါ်တွင်သော အကျယ်အဝန်း-( ၁၂-ပေခွဲ×၄၀-ပေ )ရှိ တိုက်ခန်း (၁)ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူများဖြစ်သော ဒေါ်ဖြူဇာထွေး (ခ) နာစာရင်းဘာနူး ( ၁၂/ပဘတ (နိုင်) ၀၂၇၄၈၀ )နှင့် ဒေါ်ခင်ဖြူဇာအေး ( ၁၂/ပဘတ (နိုင်) ၀၃၁၆၉၇ )တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်အပြီးစာချုပ်ကို ချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)
အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၁၃၂။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆၃/နတ်ရေတွင်းအရှေ့)၊ မြေကွက်အမှတ်(၁၃/၁)၊ ဧရိယာ(၂. ၆၉)ဧကရှိ မြေကွက်ကြီးမှ တရားဝင် မခွဲစိတ်ရသေးသော အကျယ်အဝန်း(မျက်နှာစာအနံ ၄၀'xအရှေ့အနောက် အလျား ၈၆')ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ မြောက်ပိုင်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၆၅)ဟုခေါ်တွင်သော (၂)ထပ်တိုက်အဆောက်အဦ ရေ၊ လျှပ်စစ်မီတာ၊ သီးပင်စားပင်များ အပါအဝင် တွယ်ကပ်တပ်ဆင်ထားသော** အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် **အမည်ပေါက်ပိုင်ဆိုင်သူများထံမှ** အဆင့်ဆင့်လွှဲပြောင်း ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဖြစ်သော **ဒေါ်တင်တင်ရီ [၁၂/မဂဒ(နိုင်)၀၇၉၀၃၉]**နှင့် **ဦးနိုင်လင်းထွန်း [၁၂/မဂဒ(နိုင်)၁၃၀၃၂၀]**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော မှတ်ပုံတင် စာချုပ်စာတမ်း အထောက်အထားများဖြင့် ယခုသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးသက်လွင်ဦး** | **ဒေါ်နှင်းအိခိုင်** | **ဦးစောမင်းနိုင်မိုး** |
| **(စဉ်-၁၈၃၃၉)** | **(စဉ်-၁၈၂၄၀)** | **(စဉ်-၄၉၁၉၆)** |
| **LL.B, LL.M, D.B.L, D.M.L, D.I.L,D.A Psy, WIPO (Switzerland)** | **LL.B, LL.M, D.A, D.M.A.C, WIPO (Switzerland)** | **LL.B, LL.M, D.I.L WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ်(၄၄/၅၆)၊ ကမ်းနားလမ်းနှင့်(၄၁)လမ်းထောင့်၊**
**အခန်းအမှတ်(၈၀၂)၊ M.M.G Tower၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၇၄၂၂၉၊ ၀၉-၄၃၀၉၀၇၈၂**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ပို့ပို့သင်း (၁၄/ပတန(နိုင်)၁၀၄၉၅၉) နှင့် ဦးဖြိုးဝေစိုး (၁၃/ကလန (နိုင်)၀၅၄၄၇၂)တို့သည် စိတ်သဘောထားခြင်း တိုက်ဆိုင်ခြင်း မရှိတော့ပါသဖြင့် (၂၄.၄.၂၀၂၄) ရက်နေ့တွင် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ် ချုပ်ဆို၍ တရားဝင်ကွာရှင်းပြတ်စဲပြီး တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ပို့ပို့သင်းသည် ဦးဖြိုးဝေစိုး နှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့သဖြင့် ဦးဖြိုးဝေစိုး နှင့် ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ ဒေါ်ပို့ပို့သင်း က တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့အပြင် ဦးဖြိုးဝေစိုး နှင့် အခြားမည်သူမဆို Facebook နှင့် လူမှုကွန်ယက် စာမျက်နှာများပေါ်တွင် ဒေါ်ပို့ပို့သင်း နှင့် မိသားစုများအား အသရေဖျက်၍ ထိခိုက်နစ်နာစေမည့် အရေးအသားများ၊ Post တင်ခြင်း၊ Comment ရေးခြင်းများပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက် မည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပို့ပို့သင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြင့်ထွန်း-တရားလွှတ်တော်ရှေ့နေ**(စဉ်-၁၂၀၀၀)
LL.B,GTI(EC),DL-101,WIPO(Switzerland)
အမှတ်(၃၃/A)၊ပထမထပ်၊သိရိလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့
၀၉-၄၂၅၀၁၅၀၃၄၊၀၉-၇၉၂၂၈၇၁၀၇၊၀၉-၅၁၄၇၃၈၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ မြို့မြေတိုးချဲ့နောက်တိုးကွက်သစ်ကွင်းအမှတ် -၆၈၄၊ ဦးပိုင်အမှတ်-၅၅ ရှိ ဦးမားဒူးနှင့်ဦးအောင်ဝင်း ပိုင်ဆိုင်သော မြေကွက်များအနက်မှ အကွက်အမှတ်(၂၂၆+၂၂၇) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ထက် [၁၂/ဒဂန(နိုင်)၀၂၇၉၇၁]ကိုင်ဆောင်သူထံမှ ကျွန်မ မမေသင်းကြူ[၇/ပတတ(နိုင်)၁၀၅၀၂၁]က အပြီးအပိုင်ဝယ်ယူရန် အတွက်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထား ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော် လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မမေသင်းကြူ[၇/ပတတ(နိုင်)၁၀၅၀၂၁]**
**တောင်ဥက္ကလာ။ Ph:09-968178629**

## လုပ်ငန်းကုန်အမှတ်တံဆိပ်အမည် အမှတ်အသားအား တရားဝင်မှတ်ပုံတင်သွင်းပြီး အသုံးပြုနေပြီဖြစ်ကြောင်း သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ်(၁၆/အေ)တွင် ဖွင့်လှစ်ထားသော ကုမ္ပဏီမှတ်ပုံတင်အမှတ်-**N0-139952332** အရ တည်ထောင်ထားသည့် **FIRST COSMO EXPRESS COMPANY LIMITED** သည် အောက်တွင်ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၂၈၇၆/၂၀၂၄)ဖြင့် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်-

**FIRST COSMO EXPRESS COMPANY LIMITED**
**မှတ်ပုံတင်စာချုပ်အမှတ်(၂၈၇၆/၂၀၂၄)**

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အား Delivery Service (အမြန်ချောပို့လုပ်ငန်း)တွင် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်လျက်ရှိပြီး ယင်းတံဆိပ်အမည်အမှတ်အသားဖြင့်ပင် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ **Letter Head, Internet Email & Webiste, Facebook**၊ ငွေပြေစာ၊ ဖြတ်ပိုင်း၊ တံဆိပ်တုံး၊ စတေကာ၊ အဝတ်အထည်အမျိုးမျိုးအစရှိသည်တို့နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ကြေညာ၍မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားများအား တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားများကို ဖျက်ဆီးပြုပြင်၍ အခြားအမည်များ တပ်၍ လုပ်ငန်း(လုံးဝ)မပြုလုပ်ကြပါရန် အသိပေးတားမြစ် ကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်၍ အသုံးပြုခြင်းများ ပြုလုပ်ခဲ့ပါက ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးတားမြစ်အပ်ပါသည်။

**FIRST COSMO EXPRESS COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သင်းပပအောင်** | **နော်စိုးစံထူး** | **ဦးအာကာပြည့်ဖြိုး** |
| **LL.B, LL.M, D.B.L, WIPO(Switzerland)** | **LL.B** | **LL.B,D.B.L** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၅၉၆၇)** | **(စဉ်-၅၀၀၉၃)** | **(စဉ်-၅၁၉၀၅)** |

**ဖုန်း-09-268186214**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အကူသူနာပြု(ပြင်ပ)(၉)လသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနရှိ ဆေးရုံကြီးများတွင် ဖွင့်လှစ်မည့် အကူသူနာပြု(ပြင်ပ) (၉)လ သင်တန်းကို တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ **လျှောက်ထားသူသည်-**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံးအခြေခံပညာ (နဝမတန်း) အောင်မြင်ပြီးသူများ ဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်( ၃၁-၅ -၂၀၂၄)ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) အိမ်ထောင်မရှိသူ (အပျို / လူပျို) ဖြစ်ရမည်။

(င) ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှဖွင့်လှစ်မည့် အကူသူနာပြု(ပြင်ပ) (၉)လ သင်တန်းကို ပြီးဆုံးအောင်တက်ရောက်နိုင်သူဖြစ်ရမည်။ သင်တန်းပြီးဆုံးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်ရမည်။
သင်တန်းပြီးဆုံးအောင်မတက်ရောက်နိုင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၂)နှစ် တာဝန်မထမ်းဆောင်နိုင်ပါက သတ်မှတ်လျော်ကြေးငွေ (၅၀၀၀၀၀/-)ကျပ် ငါးသိန်းတိတိပေးလျော်ရမည်။

(စ) သင်တန်းဖွင့်လှစ်မည့် ပြည်သူ့ဆေးရုံများတွင် သင်တန်းတက်ရောက်နိုင်သူဖြစ်ရမည်။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ်(Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

(ဇ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဈ) အစိုးရဝန်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်သည့် (၃၁-၅-၂၀၂၄) ရက်နေ့တွင် အသက် (၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊ (သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲ၏ခွင့်ပြုချက်ဖြင့် လျှောက်ထားသူဖြစ်ရမည်၊)

(ည) အကူသူနာပြု(ပြင်ပ) (၉)လသင်တန်း အောင်မြင်သူများအား ကုသရေးဦးစီးဌာနမှ အသိအမှတ်ပြုသင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်မည်။

(ဋ) အကူသူနာပြု(ပြင်ပ) (၉)လသင်တန်း အောင်မြင်ပါက ကုသရေးဦးစီးဌာနအောက်ရှိ အကူသူနာပြုရာထူးလစ်လပ်လျက်ရှိသော ဆေးရုံများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ လွန်ခဲ့သော (၃)လအတွင်းက ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် လိုင်စင်ဓာတ်ပုံ (၃)ပုံနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများကို ပြည့်စုံစွာပူးတွဲပေးပို့ရမည်။

(က) အခြေခံပညာနဝမတန်းအောင်မြင်သည့်ထောက်ခံစာ(**မူရင်း**)နှင့် ရမှတ်စာရင်း(**မူရင်း**) (သို့မဟုတ်) အထက်တန်း(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (**မိတ္တူ**)နှင့် ရမှတ်စာရင်း (မူရင်း) တစ်စောင်စီ၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(**မိတ္တူ**)၊

(ဂ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက် / ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက် (**မူရင်း**)၊

